




Commercial use of ... RISK

# မင်းလူ

## ဦးမင်းလူ ကောင်းမှု

### မင်းလူ၏ကဗျာစာစုများ



Commercial use of this book will be at your OWN RISK

Computer typing . . . **wunna30**
PDF Creater. . . . . . . . **academy**
Electronic Book
1st Edition
August 2009

*Myanamrcupid Community Forum*
www.myanmarcupid.net



Commercial use of this book will be at your OWN RISK

# မာတိကာ


♦ဦးမင်းလူ ကောင်းမှု (အမှာစာ)
♦အချစ်လားဟေ့ ဝင်ခဲ့လေကွယ်
♦နယ်စပ်ဒေသ
♦ပထမဆုံး၏ ရှေ့ နောက်ဆုံး၏ နောက်
♦အခြေအနေ
♦တိုက်ပုံအင်္ကျီ အနက်ကလေး
♦ချစ်သူ၏ စွန့်စားခန်းများ
♦အယူခံဝင်ခြင်း
♦နွေသစ်ရွက်ပေါ်က မှတ်တမ်းများ
♦ပေးတဲ့ဆုနဲ့ ပြည့်ပါစေ
♦အမည်ပြောင်းခြင်း
♦တဏှာကြိုက်တဲ့ အမိုက်တွေမှာ
♦အမှားပြင်ဆင်ချက်
♦အယုံအကြည်မရှိ အဆိုတင်သွင်းခြင်း
♦အရိမေတ္တေယျဘုရားသခင် အဖူးရစေ
♦ကိုကို စာရေးလိုက်သည်
♦အကြမ်းဖက်အပိုင်စီးမှု
♦မော်ဆရာ စိတ်မကောင်းပါဘူးကွယ်
♦နှလုံးသားတို့၏ ပူးတွဲကြေညာချက်
♦တရားစွဲခံရသော နှလုံးသား
♦ဒဏ်ငွေဆောင်လိုက်ရသော နှလုံးသား
♦ဓာတုဗေဒနည်းအရ ဆေးစီရင်ထားသော နှလုံးသား
♦တာဝန်မှ ရပ်စဲခြင်းခံရသော နှလုံးသား
♦ဆေးရုံတင်လိုက်ရသော နှလုံးသား
♦ဘွဲ့ရသွားသောနှလုံးသား
♦မယာရှင်၏ နောက်ဆုံးနေ့များ
♦ပျော်မှာလား
♦နဖားကြိုး၏ သမိုင်းအစ
♦အစီရင်ခံပါသည်
♦ကမ္ဘာကျော်အတွေးအခေါ်များ
♦ပလပ်ခံရသော အမှုတွဲ
♦လပြည့်ဝန်း၏အချစ်ဦး
♦မမငွေ – မိုး – ဆောင်း
♦အမိန့်စာပြန်ခြင်း
♦စုံထောက်ဝါသနာ
♦ခင်တို့မောင် ဒီမှာရှိတယ်
♦လူမစည်ကားအပ်သောနေရာ
♦သို့.... ဒေါက်တာ ခရစ်စတင်းဘားနတ်...
♦မမြင်အပ်သောအရာ
♦ကျွန်ုပ်တို့ဘက်မှ အကျအဆုံးများသည်
♦ဦးမင်းလူကောင်းမှု
♦ဖြတ်ပိုင်းပြန်မလာ
♦မောင်သနားလှတယ်
♦သူရဲကောင်းငါးယောက်
♦ဥစ္စာရှုံးတစ်ယောက်အမှု
♦ရီလေ တီ ဗီတီ သီအိုရီ
♦ဈေး
♦ကျွန်ုပ်၏လက်တုံ့ပြန်ခြင်း
♦သူနှင့်တွေ့ဆုံခြင်း
♦ဗိုလ်ချုပ်ဈေး ငွေစာရင်းရှင်းတမ်း
♦အန္တရာယ်သတိပေး
♦ရယ်ခြင်းကြီးလေးပါး
♦ဦးမင်းလူ နုတ်ထွက်သွားခြင်း
♦မိဘမေတ္တာ ကြီးမားပုံ
♦စွဲချက်တင်သင့် မတင်သင့်
♦ဆွေးနွေးခန်း
♦ဖွင့်ထားသော တံခါးများနှင့် ပိတ်ထားသောတံခါးများ
♦ဝမ်းနည်းကဗျာ
♦မုတ်သုန်လေ၏နောက်ဆုံးနေ့များ
♦လူနာစောင့်
♦လှေခါးသုံးထစ်
♦ငါး၏ကြိမ်စာ
♦မျက်လုံးအစားထိုးကုသခြင်း
♦မဟာဗျူဟာမြောက် နှလုံးသား
♦သံယောဇဉ်ဒဏ်ခံကြိုး
♦အယ်ဒီတာထံပေးစာ
♦ဆိုက္ကားစီးသူများ
♦---- သောအခါ
♦ခြေဖဝါးခံစားမှု
♦ရေခဲချောင်းသည်ကလေး
♦အိပ်မက်
♦မေ့ကိုမေ့ခြင်းအကြောင်း
♦အိပ်မက်တိတ္ထုံ
♦သမန်းလူ
♦ရပ် ကြည့် သွား
♦တိုက်ဆိုင်မှုမရှိလျှင်




Commercial use of this book will be at your OWN RISK

# ဦးမင်းလူ ကောင်းမှု

*အမှာ...*

ဤစာအုပ်တွင်ပါဝင်သော ကဗျာများမှာ တက္ကသိုလ်ကျောင်းသားဘဝမှ ယခုထိရေးသားခဲ့သော ကဗျာများ ဖြစ်ပါသည်။ အချို့ကဗျာများသည် သူငယ်ချင်းကဗျာသမားတစ်စုဖြစ်သော တိုးမိုး၊ မြင့်ကောင်း၊ မျိုးရာဇာညွန့်၊ မောင်မောင်စနေ၊ သားကြီးမောင်ဖေယျတို့နှင့်အတူရေးသားခဲ့သော **'အချစ်လားဟေ့ ဝင်ခဲ့လေကွယ်၊ ချစ်ဒုက္ခ၊ အချစ်မြို့သားများ၊ နွေသစ်ရွက်၊ ရွှေနုလုံးသား'** ကဗျာစာအုပ်တို့မှဖြစ်ပါသည်။ အချို့ကဗျာများမှာ မဂ္ဂဇင်းများတွင် ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ယင်းတို့ကို အပိုင်းလိုက် စုစည်းဖော်ပြထားပါသည်။

ကဗျာနှင့်ပတ်သက်သော အယူအဆများမှာ အမျိုးမျိုးအဖုံဖုံ ဝိဝါဒကွဲပြားတတ်ပါသည်။ အချို့ဆိုလျှင် အယူအဆ တစ်မျိုးထဲမှာပင် မူကွဲတွေထပ်ပွားနေတတ်ကြောင်း တွေ့ရပါတယ်။ အငြင်းပွားဖွယ်ရာဖြစ်သော ကဗျာအယူအဆများ အကြောင်းကို မပြောလိုပါ။

ကျွန်တော်၏ကဗျာများ၌ သစ္စာမဲ့သူကိုရှုံ့ချပြီး သစ္စာရှိသူ၊ ရိုးသားသူကို ဂုဏ်ပြုချီးကျူးထားပါသည်။

ချစ်သူအပေါ်သစ္စာရှိသူသည် တိုင်းပြည့်အပေါ်တွင်လည်း သစ္စာရှိလိမ့်မည်ဟု ကျွန်တော်ယုံကြည်ပါသည်။

ရိုသေလေးစားလျက်...
မင်းလူ

♥–♥–♥–♥–♥–♥–♥–♥–♥–♥–♥–♥–♥–♥–♥–♥–♥–♥–♥–♥–♥–♥–♥–♥–♥–♥–♥–♥–♥–♥–♥–♥–♥–♥

ဒီစာအုပ်လေးမှာ ကဗျာပေါင်း..၇၅ ပုဒ် တိတိပါဝင်ပါတယ်.. ဒီကဗျာစာအုပ်လေးကို... လွန်ခဲ့တဲ့... ၈ နှစ် လောက်က ကျွန်တော် ဝယ်ယူပြီး ဖတ်ဖြစ်ခဲ့တာပါ.. ဒီကဗျာစာအုပ် ကို မဖတ်ခင်က.. မင်းလူ၏ ဝတ္ထုများကိုသာ ဖတ်ဖူးပြီး ကဗျာများကို မဖတ်ဘူးပါ... ဒီကဗျာစာအုပ်လေးကို ဖတ်မိချိန်မှာတော့ အတော်နှစ်သက်မိပါတယ်..

အခု ဒီကဗျာစာအုပ်ကို ရိုက်တင်တော့မယ်ဆိုတော့.. ကျွန်တော် နည်းနည်းလေပြန်ဖတ်မိတော့.. လွန်ခဲ့တဲ့ ၈ နှစ်လောက်က သဘောကျခဲ့တဲ့ကဗျာတစ်ချို့ကို အခု သိပ်မခံစားရတော့ပေမယ့်.. လွန်ခဲ့တဲ့ ၈ နှစ်လောက်က ဖတ်လို့ မနှစ်သက်ခဲ့တဲ့ ကဗျာတစ်ချို့ကိုတော့ အခု အတော်သဘောကျနေမိတယ်..

ဒီကဗျာလေးတွေဟာ.. **အသက်အရွယ်.. အတွေ့အကြုံကို လိုက်ပြီး ခံစားချက်တွေပေးတတ်တယ်**လို့ပဲ ကျွန်တော် မှတ်ယူမိပါတယ်..

**ကျေးဇူးပါ**
**ဝန္န၃၀(wunna30)**
**MyanmarCupid.net**



Commercial use of this book will be at your OWN RISK

# အချစ်လားဟော့ ဝင်ခဲ့လေကွယ်

သော့ခတ်ထားတဲ့
သံမဏိတံခါးကို
လာခေါက်တယ်။

သွယ်လျတဲ့လက်ချောင်းကလေးတွေရှိတဲ့
ပန်းနုရောင် လက်သည်းကလေးတွေရှိတဲ့
ရွှေဝါရောင် မွေးညင်းကလေးတွေရှိတဲ့
လက်ကလေးမှန်း
ဒီကလဲ သိလိုက်ပါရဲ့။

သွေးတွေကို ခဲသွားစေတဲ့
ဦးနှောက်တွေကို ဆူဝေလာစေတဲ့
ခြေဖျားလက်ဖျားတွေကို အအေးမိစေတဲ့
နှလုံးသားကို ချွေးစို့လာစေတဲ့သူဟာ
'မင်း' ရယ် 'အမုန်း' ရယ်
နှစ်ယောက်ပဲရှိတယ်။

ခု–
'အမုန်း' ဟာ ခရီးလွန်နေတယ်ဆိုတော့
တံခါးကို လာခေါက်သူဟာ
မင်းပဲဖြစ်ရမယ်ဆိုတာ
ဒီကလဲသိလိုက်ပါရဲ့။
**'အချစ်လားဟော့ ဝင်ခဲ့လေကွယ်'**

(၁၉၇၈)

Commercial use of this book will be at your OWN RISK

## နယ်စပ်ဒေသ

နေ့နဲ့ညကြားမှာ
တစ်စက္ကန့်ပဲခြားတယ်။

တစ်ဒီဂရီနဲ့
သုံးရာ့ခြောက်ဆယ် ဒီဂရီကြားမှာ
တစ်ဒီဂရီပဲ ခြားတယ်။

ဆောင်းနဲ့ နွေကြားမှာ
လေတဝေ့ပဲ ခြားတယ်။

အပြာနဲ့ အစိမ်းကြားမှာ
အဝါတစ်စက်ပဲ ခြားတယ်။

ရှင်ခြင်းနဲ့သေခြင်းကြားမှာ
မျက်တောင်တစ်ခတ်ပဲ ခြားတယ်။

အချစ်နဲ့အမုန်းကြားမှာ
မျဉ်းတစ်ကြောင်းပဲ ခြားတယ်။

ဟိုဘက်ကို ကူးဖို့ဆိုတာ
လွယ်လွယ်ကလေးပါ။
(၁၉၇၈)



Commercial use of this book will be at your OWN RISK

## ပထမဆုံး၏ ရှေ့ နောက်ဆုံး၏ နောက်

မောင်သာ
ပထမဆုံးနဲ့ နောက်ဆုံးချစ်သူပါတဲ့။

ပထမဆုံးဆိုတာ
အဦးဆုံးလို့ ထင်ခဲ့တယ်။

နောက်ဆုံးဆိုတာ
နိဂုံးလို့ ထင်ခဲ့တယ်။

ပထမဆုံးရဲ့ရှေ့မှာ
နိဒါန်းဆိုတာတွေ

နောက်ဆုံးရဲ့နောက်မှာ
နောက်ဆက်တွဲဆိုတာတွေ

ရှိပါသေးလားဆိုတာ
ခုမှသိရပါတော့တယ်။

(၁၉၇၈)

Commercial use of this book will be at your OWN RISK

# အခြေအနေ

ချစ်သူတို့ပြုံးသောအခါ ပို၍ လှတတ်ကြပါသတည်း။

ချစ်သူက ပြုံးပြတဲ့အခါ
အင်းလျားကန် မျက်နှာပြင်
သနပ်ခါး လိမ်းထားလိမ့်မည်။

ချစ်သူက မုန်းတဲ့အခါ
အင်းလျားကန် မျက်နှာပြင်
မျက်မှောင်ကုပ်ထားလိမ့်မည်။

ချစ်သူက ပြုံးပြတဲ့အခါ
သစ်ပုပ်ပင်ကြီး
ပန်းပန်ထားလိမ့်မည်။

ချစ်သူက မုန်းတဲ့အခါ
သစ်ပုပ်ပင်ကြီး
ဆံပင်ဖားလျားချ၍ ငိုလိမ့်မည်။

ချစ်သူက ပြုံးပြတဲ့အခါ
ကြေးခြင်္သေ့ကြီး
လေချွန်လိမ့်မည်။

ချစ်သူက မုန်းတဲ့အခါ
ကြေးခြင်္သေ့ကြီး
အစွယ်သွေးလိမ့်မည်။

ချစ်သူက ပြုံးပြတဲ့အခါ
အင်းလျားဆောင်သည်
သမ္မတရုံနှင့် တူလိမ့်မည်။

ချစ်သူက မုန်းတဲ့အခါ
အင်းလျားဆောင်သည်
ရဲတိုက်ကြီးနှင့် တူလိမ့်မည်။

ချစ်သူက ပြုံးပြတဲ့အခါ
ဘွန်ဇင်ဓာတ်ငွေ့မီးသည်
ဆောင်းမီးဖိုလေးဖြစ်လိမ့်မည်။

ချစ်သူက မုန်းတဲ့အခါ
ဘွန်ဇင်ဓာတ်ငွေ့မီးသည်
ငါ့အသည်းကို မီးမြှိက်ရာ
ကြပ်ခိုးစင် ဖြစ်လိမ့်မည်။

ချစ်သူတို့သည် ပြုံးသောအခါ ပို၍ လှတတ်ကြပါသတည်း။

(၁၉၇၈)



Commercial use of this book will be at your OWN RISK

## တိုက်ပုံအင်္ကျီအနက်ကလေး

ချစ်သူဆီ သွားတဲ့နေ့တွေမှာ
တစ်ထည်တည်းသော
တိုက်ပုံအင်္ကျီ အနက်ကလေး သတ်လို့။

အော်... ...
တိုက်ပုံအင်္ကျီကလေး အနားရနေတာ
တစ်နှစ်တောင်ကျော်သွားပါပကော။

(၁၉၇၈)

## ချစ်သူ၏ စွန့်စားခန်းများ

Commercial use of this book will be at your OWN RISK

ချစ်သူတစ်ယောက် ထားရတာ
စွန့်စားခန်းတစ်ရပ်ပါပဲ... တဲ့။

ခဏခဏ စွန့်စားနေသူလေးရယ်။
စွန့်စားတာကိုမှ ဝါသနာထုံရှာ့သလားကွယ်။

(၁၉၇၈)



Commercial use of this book will be at your OWN RISK

## အယူခံဝင်ခြင်း

အချစ်ရယ်
လက်ဖက်ရည်နဲ့ ဆေးလိပ်ဟာ
ငါ့အကြိုက်ဆုံး အာဟာရပါ။

အချစ်က ဖြတ်ဆိုရင် ဖြတ်ပါ့မယ်
ငါ့ကိုတော့ အဆက်မဖြတ်လိုက်ပါနဲ့။

အချစ်ရယ်
နှလုံးသားဟာ မင်းအကြိုက်ဆုံး ဟင်းလျာမှန်း
ငါသိပါတယ်။

ငါ့နှလုံးသားကို
မင်းသုံးဆောင်ချင် သုံးဆောင်ပါ။
ငါ့ကိုတော့ အဆက်မဖြတ်လိုက်ပါနဲ့။

(၁၉၇၈)

Commercial use of this book will be at your OWN RISK

## နွေသစ်ရွက်ပေါ်က မှတ်တမ်းများ

အချစ်ကလေးရယ်
ယုဒသန် မျှော်စင်ကြီး
တဟီးဟီးမြည်
အင်္ဂါဂြိုလ်ဆီ ထိုးတက်သွားတဲ့နေ့ကျမှ
မောင့်ကို မုန်းမယ်ဆို။

ဖြောင့်နေတဲ့ အဓိပတိလမ်းမကြီး
ဂငယ် လို ကွေးသွားတဲ့ နေ့ကျမှ
မောင့်ကိုမုန်းမယ်ဆို။

သစ်ပုတ်ပင်ကြီး နှစ်ခြမ်းကွဲ
အထဲက အုအသည်းတွေ
ထွက်လာတဲ့နေကျမှ
မောင့်ကို မုန်းမယ်ဆို။

ဘွဲ့နှင်းသဘင်ရှေ့က ခြင်္သေ့ကြီး
မန်ဖီဟိန်းဟောက်
ခုန်ပေါက်တဲ့နေ့ကျမှ
မောင့်ကိုမုန်းမယ်ဆို။

ခုများတော့ဖြင့်
လေတိုက်လို့
စွယ်တော်ရွက်ကလေး လူပ်သွားတဲ့နေ့မှာပဲ
မောင့်ကိုမုန်းရက်တယ်။

(၁၉၇၈)

Commercial use of this book will be at your OWN RISK

# ပေးတဲ့ဆုနဲ့ ပြည့်ပါစေ

'မျက်နှာတောင် မကြည့်ချင်ဘူး' တဲ့ –
သြော်... မျက်နှာမြင် ချစ်ခင်မိမှာစိုးလို့လား။

'အသံတောင် မကြားချင်ဘူး' တဲ့ –
သြော်... အသံကြား သနားမိမှာစိုးလို့လား။

'ဘာမှလာမပြောနဲ့' တဲ့ –
သြော်... မေးပါများ စကားရမှာ စိုးလို့လား။

'ညညအဆောင်ရှေ့မှာ သီချင်းလာမဆိုပါနဲ့' တဲ့ –
သြော်... မအိပ်မနေ အသက်ရှည်မှာ စိုးလို့လား။

'အခန်းကို နှင်းဆီပန်းတွေ လာမပို့ပါနဲ့' တဲ့ –
သြော်... ရေလိုအေးလို့ ပန်းလိုလန်းမှာစိုးလို့လား။

'ဘာမှပြောစရာမရှိဘူး' တဲ့ –
သြော်... စကားထဲက ဇာတိပြမှာစိုးလို့လား။

'... ... ...'

သြော်... ပေးတဲ့ဆုနဲ့ပြည့်ပါစေ။

(၁၉၇၈)



Commercial use of this book will be at your OWN RISK

# အမည်ပြောင်းခြင်း

ခေါင်းငုံ့နေတာ
ဦးညွတ်ချင်လို့ မဟုတ်ပါ။

ငြိမ်နေတာ
ကြောက်ရွံ့နေလို့ မဟုတ်ပါ။

အရှုံးပေးတာ
မနိုင်လို့ မဟုတ်ပါ။

သင်၏ အောက်သို့ ကွေးညွတ်၍
တရွရွ လှုပ်နေသော
နှုတ်ခမ်းလေးကြောင့်လည်းကောင်း၊

စိုးရိမ်နေသော
မျက်ဝန်းများကြောင့်လည်းကောင်း၊

တစ်ကုဗစင်တီမီတာခန့်ရှိသော
မျက်ရည် တစ်စက်ကြောင့်လည်းကောင်း၊

အရာရာတို့၌
ခံပြင်းစွာ
နာကျည်းစွာ
ဒေါသဖြစ်စွာ
အရှုံးပေးလိုက်ရပါသည်။

ထို့ကြောင့်
ကျွန်တော် မောင်မင်းလူ
(W/RGN-002587) အား

ယနေ့မှစ၍
'နွားကြီး' ဟုခေါ်ကြပါရန်။
(၁၉၇၈)

Commercial use of this book will be at your OWN RISK

# တဏှာကြိုက်တဲ့ အမိုက်တွေမှာ

‘ရှက်စရာတွေးတော့ သမုဒယတဏှာ
မဂ္ဂဉာဆေးနဲ့ကုရမှာ’ – ဆိုတဲ့
တရားတော်ကိုလဲ နာဖူးပါရဲ့။

‘မှောင်တဏှာခွင်၊ ခြေစုံဝင်က
ဆင်ခြင်ကင်းစွာ၊ ပျက်စီးရာ၏’ – ဆိုတဲ့
တိကင်္ဂုတရ အဌကထာကိုလဲ
ဖတ်ဖူးပါရဲ့။

‘ခြောက်ခုအာရုံ၊ ကာမဂုဏ်ဆန္ဒ
ပဋိစ္စသမုပ်ပ်ာန်
ရှုပ်ပြန် အတွင်း အပ တဏှာ’ – ဆိုတဲ့
ဗုဒ္ဓရဲ့ တရားတော်ကိုလဲ သိပါရဲ့။

ဒါပေမယ့်
ချစ်သူက ပြုံးပြတဲ့အခါ
ပီတိသောမနဿဖြစ်ရတယ်။

တဏှာဆိုတဲ့ ဖမ်းစားတတ်သောအရာဟာ
ချစ်စရာသိပ်ကောင်းနေပါလား။

ချစ်သူက မုန်းတဲ့အခါ
သောကပရိဒေဝမီး တောက်လောင်ရတယ်။

Commercial use of this book will be at your OWN RISK

'စိတ်ကို စိတ်အတိုင်းတိုင်း ထားရမယ်
ခုကရကို ခုကရအတိုင်းတိုင်း ထားရမယ်' – ဆိုတာကို
ဘယ်လိုလုပ် ဆင်ခြင်လိုက်နာနိုင်ပါ့မလဲ။

ချစ်သူရဲ့ နှုတ်ခမ်းဆီက
ကြာညိုနံ့သင်းတဲ့
အာခံတွင်းနံ့ကို ရတဲ့အခါ
'ကာယအပုပ်ကောင်ဟာ ဟုတ်ယောင်သော
ရုပ်ဆောင်စွာ ၊ တုပ်နှောင်ကာ သူလှည့်စား' ဆိုတာ
ရီစရာကလေး ကောင်းလိုက်လှပါကလား။
အရှင်ဘုရား ....
ဘုရားတပည့်တော်သည်
'ဇာတိ' စသော
မီးဆယ့်တစ်မီးတို့ လောင်ကျွမ်းရာ
ဤဒုက္ခကမ္ဘာကြီးထဲ၌ပင်
ပဋိစ္စသမုပ္ပါဒ်သဘောအရ
ဘဝအသစ်အသစ်တို့ဖြစ်၍
တဏှာအချစ် အချစ်တို့၏
ဖမ်းစားမှုကို
ဆက်လက်– ခံစားနေပါရစေဦးဘုရား။

(၁၉၇၈)



Commercial use of this book will be at your OWN RISK

## အမှားပြင်ဆင်ချက်

အချစ်ရယ်
ခုချိန်မှာ
ငါမျက်စိကွယ်သွားရင်
သိပ်ကောင်းမှာပဲ။
မင်းငါ့ကို
ဘယ်တော့မှ
မဲ့ပြလို့ ရမှာမဟုတ်တော့ဘူး။

ခုချိန်မှာ
ငါ နားပင်းသွားရင်
သိပ်ကောင်းမှာပဲ။
မင်းငါ့ကို
ဘယ်တော့မှ
မုန်းတယ်လို့ပြောလို့ရမှာမဟုတ်တော့ဘူး။

ခုချိန်မှာ
ငါ ဆွံ့အ သွားရင်
သိပ်ကောင်းမှာပဲ။
မင်းကိုငါ
ဘယ်တော့မှ
တောင်းပန်ခယနေရမှာ မဟုတ်တော့ဘူး။

အို ဒါပေမယ့်...
မင်းကို ငါမမြင်ရရင်
မနေနိုင်ဘူးကွယ်။
မင်းအသံကို
မကြားရရင်
မနေနိုင်ဘူးကွယ်။
မင်းကို ငါ မတောင်းပန်ရရင်
မနေနိုင်ပါဘူးကွယ်။ ။
(၁၉၇၈)

Commercial use of this book will be at your OWN RISK

## အယုံအကြည်မရှိ အဆိုတင်သွင်းခြင်း

မျက်ရည် စို့နေပေမယ့်
ဝမ်းမြောက်နေကြောင်း
သိပါတယ်။
မင်းမှာ မျက်စိမရှိဘူး
စိန်ကဲဖြတ်တဲ့
မှန်ဘီလူးတစ်စုံပဲရှိတယ်။

ပြုံးနေပေမယ့်
ကောက်ကျစ်တတ်ကြောင်း
သိပါတယ်။
မင်းမှာသွားတက်ကလေး
မရှိဘူး။
အစွယ်တစ်စုံပဲ ရှိတယ်။

ဆံပင်ဖားလျားချထားပေမယ့်
ဦးခေါင်းခွံထဲကိုမြင်ပါတယ်။
မင်းမှဦးနှောက်မရှိဘူး။
ချိန်ခွင်တစ်ခုပဲ ရှိတယ်။

အင်္ကျီဝတ်ထားပေမယ့်
ရင်ခေါင်းထဲကိုမြင်ပါတယ်။
မင်းမှာနှလုံးသားမရှိဘူး။
မျက်ရည်ယိုဖုံးတစ်လုံးပဲ ရှိတယ်။

မင်းကို
ငါကြောက်တယ်ကွယ်။
(၁၉၇၈)


Commercial use of this book will be at your OWN RISK

## အရိုမတွေ့ယျဘုရားသခင် အဖူးရစေ

ငါလည်းကောင်း၊ သင်လည်းကောင်း
ငါ့ဆွေလည်းကောင်း၊ သင့်ဆွေလည်းကောင်း
သူတထူးလည်းကောင်း
ငါတို့၏အချစ်ကို
အနှိပ်အစက်တည်းမှု...
ဘဝဆက်တိုင်းဆက်တိုင်း
'အသက်အန္တရာယ်ကို
တွေးတောပူပန်–
အစဉ်သဖြင့် တဖျပ်ဖျပ်လန့်နေရသော
ကိုယ် ဖြစ်စေသော်ဝ်'

'သွေးပြည်ပုပ်တို့ အဆက်မပြတ်ထွက်လျက်
ညှီနံ့တစ်ထောင်းထောင်းထသော
ကိုယ် ဖြစ်စေသော်ဝ်'

'စားလိုသော်လည်း ပါးစပ်မရှိသော
ကြားလိုသော်လည်း နားမရှိသော
မြင်လိုသော်လည်း မျက်စိမရှိသော
ပြိတ္တာဘဝ၌ ရှိစေသော်ဝ်'

'မစင်ဘင်ပုပ် အသေကောင်တို့ကြား၌သာ
မွေ့လျော်အပ်သော
ပိုးလောက်ကောင်ဘဝ၌ ရှိစေသော်ဝ်'

Commercial use of this book will be at your OWN RISK

'လူ့ဘဝကို ရအံ့ငြားလည်း
ဆွံ့အ၊ ကန်း၊ ခြေပြတ် လက်ပြတ် ဖြစ်–
အိပ်မက်ဆိုးတို့သာ ညစဉ်မြင်မက်သော
ကိုယ် ဖြစ်စေသော်ဝ်'

'မီးဖြင့် အကင်ခံရသော
ဓား၊ လှံ၊ သံချွန်တို့ဖြင့် ထိုးဆွခြင်းကိုခံရသော
ခွေးနက်ကြီးတို့၏ ကိုက်ဆွဲခြင်းကို ခံရသော
ပွက်ပွက်ဆူသော ဆီပူထဲ၌ အကြော်ခံရသော
ကယ်ပါ ယူပါ အော်ဟစ်ညည်းညူနေရသော
မဟာအဝီစိငရဲ၌
ဘဒ္ဒကမ္ဘာလွန်သည့်တိုင်
မကျွတ်နိုင်ဘဲ ရှိစေသော်ဝ်'
သို့ပြီးရကား
'အရိမေတ္တေယျဘုရားသခင် အဖူးရစေသော်ဝ်'

Myanmar e-Books Library
Commercial use of this book will be at your OWN RISK

ဤ ကျိန်စာသည်
'စကြာဝဠာ သက်တမ်းနှင့်အမျှ
အနန္တကာလထိတိုင် တည်စေသော်ဝ်'
(၁၉၇၈)


Commercial use of this book will be at your OWN RISK

# ကိုကို စာရေးလိုက်သည်

သူတပါး၏ရှေ့တွင်
ကိုကိုသည်အနီရောင်။
အချစ်၏ရှေ့တွင်
ကိုကိုသည်အဖြူရောင်။

သူတပါး၏ရှေ့တွင်
ကိုကိုသည်ဆူး။
အချစ်၏ရှေ့တွင်
ကိုကိုသည်ပန်းပွင့်။

သူတပါး၏ရှေ့တွင်
ကိုကိုသည် မီးလျှံ။
အချစ်၏ရှေ့တွင်
ကိုကိုသည်စမ်းရေ။

သူတပါး၏ရှေ့တွင်
ကိုကိုသည်ဦးထုပ်။
အချစ်၏ရှေ့တွင်
ကိုကိုသည်ဖိနပ်။

ထိုထက်ကား
သူတစ်ပါး၏ရှေ့တွင်
ကိုကိုသည် ခေါင်းခါတတ်သောလူ။
အချစ်၏ရှေ့တွင်
ကိုကိုသည်
တစ်ယောက်ထဲကိုသာ ချစ်တတ်သော
တစ်ယောက်ထဲကိုသာ သစ္စာရှိသော
တစ်ယောက်ထဲ၏ အမိန့်ကိုသာ နာခံတတ်သော
ခေါင်းညိတ်ရန် တစ်ခုတည်းကိုသာ ပြုတတ်သော
ယန္တရားတစ်ခုသာ။

(၂၁-၂-၇၈)

Commercial use of this book will be at your OWN RISK

## အကြမ်းဖက်အပိုင်စီးမှု

ဗီးနပ်စ် ရုပ်ထုကိုတောင်
ခေါင်းညိတ်အောင်လုပ်နိုင်တဲ့အစွမ်း၊

မိုနာလီဇာကိုတောင်
မဲ့သွားအောင်လုပ်နိုင်တဲ့အစွမ်း၊

ရှောင်ကွန်နရီကိုတောင်
လှည့်စားနိုင်တဲ့အစွမ်း၊

မိုဟာမက်အလီရဲ့ မျက်ရည်နဲ့
ခြေဆေးနိုင်တဲ့အစွမ်း၊

ပရက်စလေကိုတောင်
အသည်းခွဲနိုင်တဲ့အစွမ်း၊

ဂျူးလီယက်ရဲ့ မျက်ခုံးမွေးပေါ်မှာတောင်
စကြိန်လျှောက်နိုင်တဲ့အစွမ်း၊

မင်းမှာရှိကြောင်းသိပါတယ်။

ငါဆိုသည်ကား
မင်းရဲ့လက်ခုပ်တွင်းမှ
လိပ်ပြာလေးတစ်ကောင်မျှသာ။

(၁၉၇၈)


Commercial use of this book will be at your OWN RISK

## မော်ဆရာ စိတ်မကောင်းပါဘူးကွယ်

အမိန့်ပေးလိုက်တာနဲ့ တပြိုင်နက်
ငြိမ်သက်နေတဲ့ ကြိုးခွေလေးက
ပါးပျဉ်းခွက်နေတဲ့ မြွေကြီးဖြစ်သွားသတဲ့။

တစ်စုံတစ်ခုမန်းမှုတ်လိုက်တာနဲ့ တစ်ပြိုင်နက်
လက်ဖဝါးပေါ်က ကျောက်ခဲကြီးက
ရွှေတုံးကြီး အလိုလိုဖြစ်သွားသတဲ့။

ရေမန်းနဲ့ ပက်လိုက်တာနဲ့ တစ်ပြိုင်နက်
လူကောင်းပကတိကို
မေ့မျောသွားစေသတဲ့။

အံ့ဖွယ်သရဲ အစွမ်းထက်လိုက်တာ။
မော်ဆရာရယ်
ဒေါသဖြစ်နေတဲ့
ချစ်သူရဲ့ နှုတ်ခမ်းကလေးကို
ပြုံးလာအောင် လုပ်ပေးပါလားကွယ်။

(၁၉၇၈)

Commercial use of this book will be at your OWN RISK



Commercial use of this book will be at your OWN RISK

# နှလုံးသားတို့၏ ပူးတွဲကြေညာချက်

သိပ်ချစ်သော
ငါတို့နှစ်ဦး၏ နှလုံးသားကို
လုပ်ကြံရန် ကြံစည်သူသည်

အင်းလျားကန်၏ဝမ်းဗိုက်ကို
ဓားဖြင့်ခွဲရန်ကြံစည်သကဲ့သို့လည်းကောင်း

သစ်ပုပ်ပင်ထိပ်ဖျား– သာနေသော လပြည့်ဝန်းကို
မျက်နှာသစ်ပေးရန်ကြံစည်သကဲ့သို့လည်းကောင်း

ကြေးခြသေ့်ညီနောင်ကို
အသက်သွင်းရန် ကြံစည်သကဲ့သို့လည်းကောင်း

သထုံဆောင်နှင့် အင်ကြင်းဆောင်ကို
ဥမင်လိုဏ်ခေါင်းတူး– ဆက်သွယ်ရန်
ကြံစည်သကဲ့သို့လည်းကောင်း

ယုဒသသန်မျှော်စင်ကို
ရွှေရည်စိမ်ရန် ကြံစည်သကဲ့သို့လည်းကောင်း

Commercial use of this book will be at your OWN RISK

အဓိပတိလမ်းကို
ပချုပ်ထဲထည့်–
မြွေအလမ္မာယ်ပြရန် ကြံစည်သကဲ့သို့လည်းကောင်း

ဘွဲ့နှင်းသဘင်ခန်းမပေါ်၌
ဖယောင်းတိုင်သက်စေ့ထွန်း–
မွေးနေ့ကိတ်မုန့်အဖြစ်
အသုံးပြုရန် ကြံစည်သကဲ့သို့လည်းကောင်း

အလွန် မိုက်မဲလှစွာသော
သူရူးသာ ဖြစ်လိမ့်မည်တည်း။

(၁၉၇၈)


Commercial use of this book will be at your OWN RISK

## တရားစွဲခံရသော နှလုံးသား

လေးစားအပ်ပါသောချစ်သူ
သင်၏ အထူးခုံရုံးတွင်
ကျမ်းသစ္စာကျိန်ဆို၍
ဖြောင့်ချက်ပေးလိုပါသည်။

အကယ်၍
ကျွန်ုပ်၏ နှုတ်ခမ်းနှစ်လွှာ၌
လိမ်ညာလှည့်စားသော စကားများ
တည်သည်ဟူ၍
သင်စွပ်စွဲလျှင်
မိမိငြင်းကြောင်း။

ကျွန်ုပ်၏ နှလုံးသား၌
သစ္စာမဲ့သောအချစ်များ
တည်သည်ဟူ၍
သင်စွပ်စွဲလျှင်
မိမိငြင်းကြောင်း။

ကျွန်ုပ်သည်
သင်၏ နှလုံးသားအား
လုပ်ကြံရန် ကြံစည်သည်ဟူ၍
သင်စွပ်စွဲလျှင်
မိမိငြင်းကြောင်း။

အကယ်၍ သင်သည်
ကျွန်ုပ်အားမုန်းသည်ရှိသော်
ကျွန်ုပ်၏ နှလုံးသား
ပေါက်ကွဲလိမ့်မည်ဟူ၍
သင်ယူဆလျှင်
မိမိ...
မငြင်းပါကြောင်း.....။





Commercial use of this book will be at your OWN RISK

## ဒဏ်ငွေဆောင်လိုက်ရသော နှလုံးသား

မျဉ်းကျားနယ်မြေ
မီးပွိုင့် နယ်မြေတို့တွင်
မျဉ်းကျားအတွင်းမှသာ
လမ်းဖြတ်ကူးရမည်။

ထိုနယ်မြေမှအပတွင်
ယာဉ်အခြေအနေကို ကြည့်၍
လမ်းဖြတ်ကူးနိုင်သည်။

ချစ်သူ့နယ်မြေ
ချစ်သူ့ မျက်မှောက်တွင်
ချစ်သူအနီးမှပင်နေရမည်။
ချစ်သူ့နယ်မြေမှအပတွင်
အခြေအနေကိုကြည့်၍...

(၁၉၇၈)



Commercial use of this book will be at your OWN RISK

## ဓာတုဗေဒနည်းအရ ဆေးစီရင်ထားသော နှလုံးသား

လစ်မတ်စက္ကူပြာ
အက်စစ်မှာထည့်
ပကတိ နီသွားစေသည်။

လစ်မတ်စက္ကူအနီ
ဖော့စ်ရည်မှာထည့်
ပကတိ ပြာသွားစေသည်။

ပန်းနုရောင်နှလုံးသား
ဘာဂုဏ်များမြောက်လို့
အစိမ်းရောင်သို့ ပြောင်းသွားတာလဲကွယ်။

(၁၉၇၈)

Commercial use of this book will be at your OWN RISK

## တာဝန်မှ ရုပ်စဲခြင်းခံရသော နှလုံးသား

စာအမှတ် ၇/ ၇၇/ နှလုံးသား။

ယနေ့မှစ၍
'၁၆' ကားပေါ်တွင်
'ထမင်းဗူးတော်ကိုင်' တာဝန်မှလည်းကောင်း

ပုဂံလမ်းပေါ်တွင်
'ထီးတော်မိုး' တာဝန်မှလည်းကောင်း

သာသာချောင်ချိရေးဆိုင်တွင်
'စားပွဲတော်ထိုး' တာဝန်မှလည်းကောင်း

အင်းလျားကန်ဘောင်ပေါ်တွင်
'သက်တော်စောင့်' တာဝန်မှလည်းကောင်း

ဗိုလ်ချုပ်ဈေးတွင်
'ပစ္စည်းတော်ထမ်း' တာဝန်မှလည်းကောင်း

အခန်း အေ–၂၀၅တွင်
'အနမ်းတော်ဆက်' တာဝန်မှလည်းကောင်း

သင့်အား လုံးဝရုပ်စဲလိုက်ကြောင်းနှင့် –
'ငှက်ပြာ' တစ်စင်း
'ဂျင်းရှပ်' တစ်လွှာ
'ရာတန်' တစ်ထပ်
'ဆေးထိုးအပ်' တစ်ချောင်း
အဆင့်ရှိသူအား
သင်၏နေရာတွင်
အစားထိုး ခန့်အပ်ထားလိုက်ပါကြောင်း။

(၁၉၇၈)

Commercial use of this book will be at your OWN RISK

## ဆေးရုံတင်လိုက်ရသော နှလုံးသား

သစ်ပုပ်ပင်ပေါ်က
ဖုတ်ကနဲ ပြုတ်ကျ
အနာတရမရှိ
ပကတိ ငါ့နှလုံးသားပါ။

အဓိပတိလမ်းပေါ်
အကြမ်းပတမ်းကြိုးနဲ့ချည်ဆွဲခဲ့
အပွန်းအပဲ့မရှိ
ပကတိ ငါ့နှလုံးသားပါ။

ဘွဲ့နှင်းသဘင် နံရံဆီ
ဒိုင်းကနဲမြည်အောင် ပစ်ပေါက်ခွဲ
အကွဲအပြဲမရှိ
ပကတိ ငါ့နှလုံးသားပါ။

ကြေးခြသေ့်ကြီး အစွယ်ထက်
ဟက်ကနဲ ကိုက်ဝါးပြန်
ဒဏ်ရာမရှိ
ပကတိ ငါ့နှလုံးသားပါ။

Commercial use of this book will be at your OWN RISK

အင်လျားကန်ထဲ
ခဲလုံးကို ဆွဲပြီး
အကြာကြီးမြှုပ်နှစ်ထား
မွန်းနစ်မှုမရှိ
ပကတိ ငါ့နှလုံးသားပါ။

သို့ပေမယ့်
ချစ်သူ မျက်စောင်းထိမှ
အာဂ နှလုံးသား
အရည်ပျော်ကျသွားပြီပါ။

(၁၉၇၈)


Commercial use of this book will be at your OWN RISK

## ဘွဲ့ရသွားသောနှလုံးသား

အို သစ်ပုပ်ပင်
သင်၏ထီးရိပ်အောက်တွင်
ချစ်တင်းဆိုခဲ့သူနှစ်ယောက်အကြောင်းကို
နှောင်းလူတို့အား ပြောကြားရစ်ပါလေ။

အို မျှော်စင်ကြီးယုသသန်
သင်၏ရင်ခွင်အောက်တွင်
မိုးခိုခဲ့သူနှစ်ယောက်အကြောင်းကို
နှောင်းလူတို့အား ပြောကြားရစ်ပါလေ။

အို အင်းလျားကန်
သင်၏ပခုံးစွန်းတွင်ထိုင်၍
အနမ်းမိုးစွေခဲ့သူနှစ်ယောက်အကြောင်းကို
နှောင်းလူတို့အား ပြောကြားရစ်ပါလေ။

အို ကုံကော်တော
သင်၏ဧည့်ခန်းထဲရှိ
ခုံတန်းပေါ်တွင်ထိုင်၍
နှုတ်ကတိစာချုပ်များကို
ဖျက်ဆီးပစ်လိုက်ကြရသူနှစ်ယောက်အကြောင်းကို
နှောင်းလူတို့အား ပြောကြားရစ်ပါလေ။



Commercial use of this book will be at your OWN RISK

အို အဓိပတိလမ်း
သင်၏ကျောကုန်းထက်ဝယ်
လွန်ခဲ့သောလေးနှစ်ကာလ
ဦးခေါင်းကိုမော့ ရင်ကိုကော့၍
အဖော်အပေါင်းများနှင့်အတူ
ပျော်ရွှင်စွာလျှောက်ဝင်လာခဲ့ပြီး
ယခုအခါ
ဦးခေါင်းကို ငိုက်စိုက်ချလျက်
တစ်ယောက်ထီးတည်း
ပြန်လည်ထွက်ခွာသွားရသူတစ်ယောက်အကြောင်းကို
နှောင်းလူတို့အား ပြောကြားရစ်ပါလေ။

စားမေးပွဲဟူသည်
ခွဲခွာခြင်း၏ အထိမ်းအမှတ်ဆိုပါလျှင်
ငါသည် ထာဝရခွဲခွာခြင်းအတွက်
စာမေးပွဲကို ဖြေခဲ့ပြီ။
ကျန်းမာချမ်းသာစွာ နေရစ်ကြပါလေ။

(၁၉၇၈)


Commercial use of this book will be at your OWN RISK

## မယာရှင်၏ နောက်ဆုံးနေ့များ

သင့်ကြောင့်
ကျခဲ့ရသော မျက်ရည်တို့ကို
သိုလှောင်ထားရန် နေရာမရှိ၍
အင်းလျားကန်အဖြစ်
ပြောင်းလဲ ဖန်တီးထားခဲ့ရသည် မဟုတ်လော။

သင့်ကြောင့်ငိုကြွေးညည်းတွားသံတို့ကို
မကြားဝံ့ မနာသာ၍
သစ်ရွက်လေတိုးသံများအဖြစ်
ပြောင်းလဲ ဖန်ဆင်းထားခဲ့ရသည် မဟုတ်ပါလော။

သင့်ကြောင့်
ကြေွခဲ့ရသော နှလုံးသားတို့ကို
လည်မှာမဆွဲနိုင်လောက်အောင် များပြားလှ၍
စိန်ပန်းပွင့်များအဖြစ်
ပြောင်းလဲ ဖန်ဆင်းထားခဲ့ရသည် မဟုတ်ပါလော။

သင့်အား
စိမ်းစိမ်းကြည့်နေကြသော
မျက်လုံးများကို ရင်မဆိုင်လို၍
ကျောက်စရစ်ခဲများအဖြစ်
ပြောင်းလဲ ဖန်ဆင်းထားခဲ့ရသည် မဟုတ်ပါလော။

သင်၏ ရက်စက်မှုများအကြောင်းကို
ပြန်လည် ဖွင့်ဟပြောကြားရန်
ကြံစည်သူတို့ကို
ဥသြငှက်များအဖြစ်
ပြုစားထားခဲ့ရသည် မဟုတ်လော။

ဟယ်… မာယာရှင်မ
သံသရာမှာ သင်ဘယ်ကိုသွားမလဲ။
သံသရာမှာ သင်ဘယ်ကိုလားမလဲ။

(၁၉၇၈)

Commercial use of this book will be at your OWN RISK

## ပျော်မှာလား

တစ်သက်မှာ သုံးခါပျော်သတဲ့။
ရှင်လိုင်ပြန်တဲ့နေ့။
မင်္ဂလာဆောင်တဲ့နေ့။
ထောင်ကထွက်တဲ့နေ့။
ရှင်လိုင်ပြန်တဲ့နေ့က
သိပ်မပျော်ခဲ့ပါဘူး။

မင်္ဂလာဆောင်တဲ့နေ့ကျရင်
ပျော်မလားမသိဘူး။

ခု...
ဖေဖေက
ပခုံးကို လာဖက်တယ်။

မေမေက
မျက်ရည်တွေကြားက ပြုံးကြည့်တယ်။

အစ်ကိုတွေက
လက်ဆွဲနှုတ်ဆက်ကြတယ်။

သူနဲ့သွားတွေ့တဲ့အခါ
ပခုံးကိုလာဖက်မလား...
မျက်ရည်တွေကြားက ပြုံးပြမလား...
လက်ဆွဲနှုတ်ဆက်မလား...
အဲ့ဒီအခါကျရင်
ပျော်မှ ပျော်ပါ့မလားမသိ။

(၄-၄-၇၅)

Commercial use of this book will be at your OWN RISK

## နဖားကြိုး၏ သမိုင်းအစ

‘ဒီမှာ… ဟေ့’
‘မင်း ငါ့ကို အမြဲတမ်းအနိုင်ယူဖို့ ကြိုးစားတယ်’
‘ခဏခဏ စိတ်ကောက်တယ်’
‘ဟိုဟာမလုပ်ရဘူး၊ ဒီဟာမလုပ်ရဘူး ချုပ်ချယ်တယ်’
‘ငါ့ဘဝကို မင်းချုပ်ကိုင်စိုးမိုးနေချင်တယ်’
‘ငါ့ကို နွားကြီးလို့များ မင်းထင်နေသလား’
‘အရင်က မပြောရက်လို့ မပြောဘဲနေခဲ့တာ’
‘ဒီတစ်ခါတော့ ပြတ်ပြတ်သားသားပဲ’
‘ဟင်… ဒီမှာဟေ့’
စိတ်ကူးထဲက စကားတွေပါ။

ခု…
သူက…
သူ့နှုတ်ခမ်းကို
လျှာကလေးနဲ့
တစ်ချက် သပ်လိုက်တယ်ဆိုရင်ပဲ…
‘အချစ်မှာလိုက်တဲ့ ဇီးသီးထုပ်တွ
ကိုကိုဝယ်လာတယ် ဟဲဟဲ’

မိတ်ဆွေတို့…
ကျုပ်တော့ဖြင့် ဒီတောင်ကကျော်နိုင်မယ်
မထင်တော့ပါဘူးဗျာ။

(၁၉၇၈)

Commercial use of this book will be at your OWN RISK

## အစီရင်ခံပါသည်

ငါ့မိဘက လွဲရင်
မင်းကိုအရိုသေဆုံးပါ။

ငါ့ကိုယ်ကျင့်တရားက လွဲရင်
မင်းကို ဂရုအစိုက်ဆုံးပါ။

သေခြင်းတရားက လွဲရင်
မင်းကို အကြောက်ဆုံးပါ။

တရားဥပဒေက လွဲရင်
မင်းကို အလေးစားဆုံးပါ။

နိုင်ငံတော်က လွဲရင်
မင်းကို သစ္စာအရှိဆုံးပါ။

ထို့အတူ...
ငါ့ကိုယ်ငါက လွဲရင်
မင်းကို အချစ်ဆုံးပါကွယ်။

(၁၉၇၈)

Commercial use of this book will be at your OWN RISK

## ကမ္ဘာကျော်အတွေးအခေါ်များ

အစစ်အမှန်တရားသည် အာပေါ်ဓာတ်သာဖြစ်သည်။

(သေးလိစ်)

♦ □ # None လောကကြီးသည် အတုအယောင်မျှသာဖြစ်၍
ထာဝရ အစစ်အမှန် လောက၏ ပုံရိပ်မျှသာဖြစ်သည်။

(ပလေတို)

အရာဝတ္ထုတစ်ခုသည် အစွန်းတစ်ဖက်သို့
ရောက်သွားသောအခါ
ကျန်တစ်ဖက်သို့ ပြန်လှည့်လာ၏။

(လောင်ဇူး)

မပြောင်းလဲသော အရာကား ပြောင်းလဲခြင်းသာဖြစ်၏။

(ဟေရာကလိုက်တပ်စ်)

ဆန့်ကျင်ဘက်တို့၏ ညီညွတ်ပေါင်းစည်းမှုသည်
အရာဝတ္ထုတို့၏ တိုးတက်မှုဖြစ်၏။

(ဟေဂယ်လ်)

ကိုကို့ ကို သိပ်ချစ်တာပဲ။

(ချစ်သူ)

(၁၉၇၈)

Commercial use of this book will be at your OWN RISK

## ပလပ်ခံရသော အမှုတွဲ

တရားရုံးတော်သို့
ဦးတိုက်လျှောက်ထားအပ်ပါသည်။

သူသည် ကျွန်တော့်အား
အမှတ်တကယ် မချစ်ပါဘဲလျက်
ချစ်ပါသည်ဟူ၍
အကြိမ်ကြိမ်အခါခါ
လှည့်ဖျားပြောဆိုခဲ့ပါသဖြင့်
ရာဇသတ်ကြီးပုဒ်မ (၄၂၀)
လိမ်လည်မှုအရလည်းကောင်း...

သူသည် ကျွန်တော့်အား
အနိုင်ရလိုသောကြောင့်
စိတ်ကောက်ခြင်း
အမိန့်ပေးခြင်း
ဆူပူကြိမ်းမောင်းခြင်းများ
ပြုလုပ်ခဲ့ပါသဖြင့်
ရာဇသတ်ကြီးပုဒ်မ (၃၄၉)
အနိုင်အထက်ပြုမှုအရလည်းကောင်း...

ကျွန်တော်က သူ့ကို
အသည်းအသန်ချစ်သည်ကို
အခွင့်ကောင်းယူလျက်
သူသည် ကျွန်တော့်အား
မကြာခဏ ခြိမ်းခြောက်လေ့ရှိသောကြောင့်
ကျွန်တော့်မှာ သူမုန်းသွားမည်ကို
အစဉ်သဖြင့် စိုးရိမ်ပူပန်နေရပါသဖြင့်
ရာဇသတ်ကြီးပုဒ်မ (၃၅၀)
စိတ်ငြိုငြင်စေမှုအရလည်းကောင်း...



Commercial use of this book will be at your OWN RISK

သူ၏မျက်စောင်းများ

သူ၏ အမဲ့များ

သူ၏ အထေ့ငေါ့များ

သူ၏ အမာန်အမဲများကြောင့်

ကျွန်တော်၏ နှလုံးသားသည်

အတွင်းကြေကြေပြီး

ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သဖြင့်

ရာဇသတ်ကြီးပုဒ်မ (၃၀၉)

နာကျင်စေမှုအရသော်လည်းကောင်း...

နောက်ဆုံးတွင်

ကျွန်တော်၏ ကိုယ်စိတ်နှစ်ပါး၌

ဝေဒနာအလူးအလဲခံစားရပြီးနောက်

တရှိုက်ရှိုက် ငိုပန်းခံရပြီး

တဖြည်းဖြည်းလုံးပါးပါးခဲ့ရသဖြင့်

ရာဇသတ်ကြီးပုဒ်မ (၃၀၁)

သေကြောင်းကြံစည်မှုအရလည်းကောင်း

အရေးယူပေးပါရန်

ဦးတိုက်လျှောက်ထားအပ်ပါသည် ခင်ဗျား။

(၁၉၇၈)

Commercial use of this book will be at your OWN RISK

# လပြည့်ဝန်း၏အချစ်ဦး

လပြည့်ဝန်း၏
အချစ်ဦးသည်
ကန်ရေပြင်။

နေမင်းကြီး၏
အချစ်ဦးသည်
အရှေ့မိုးကောင်းကင်။

ပန်းကလေး၏
အချစ်ဦးသည်
ရွှေလိပ်ပြာ။

မိုးစက်များ၏
အချစ်ဦးသည်
မြေသင်းနံ့။

နှင်းပွင့်များ၏
အချစ်ဦးသည်
မြမြက်ခင်း။

နွေသစ်ရွက်၏
အချစ်ဦးသည်
ဥသြငှက်ကလေး။

အကယ်၍
ဖြစ်ခဲ့လျှင်...
အချစ်၏ အချစ်ဦးသည်
ငါ၏မျက်လုံးများ ဖြစ်လိုပါ၏။

(၂-၈-၇၈)



Commercial use of this book will be at your OWN RISK

## မမနွေ – မိုး – ဆောင်း

မမသိသာရန် ကျွန်တော်စာရေးလိုက်ပါသည်။
အရောင်တဖျပ်ဖျပ်တောက်ပခြင်း မရှိသော်လည်း မမ၏မျက်လုံး များဖြင့် စိုက်ကြည့်ခြင်းခံရသောအခါ
အထက်အရာရှိ၏ ရှေ့မှောက်တွင် ရောက်နေသော လက်အောက်ငယ်သားကဲ့သို့ ရိုကျိုးဝပ်တွားခဲ့ရပါသည်။

ပီပြင်ခြင်းမရှိတော့သော်လည်း မမ၏နှုတ်ခမ်းများမှ ချစ်စကားသံလွင်လွင်ကို ကြားရသောအခါ
ကျောင်းဆင်းခေါင်းလောင်းထိုးသံကို ကြားရသော ကျောင်းသားငယ်ကဲ့သို့ ဝမ်းမြောက် ရွှင်လန်းခဲ့ရပါသည်။

အတန်ငယ်လျော့ရဲနေပြီဖြစ်သော်လည်း မမ၏ လက်မောင်းပေါ်၌ ဦးခေါင်းကို မှီလိုက်ရသောအခါ
လူပုံတော်ပတ္တမြားသွေးဆေးကို သောက်သုံးရသကဲ့သို့ စိတ်နှလုံး ချမ်းမြေ့ရပါသည်။

အကြောများထင်ရှားစပြုပြီ ဖြစ်သော်လည်း မမ၏လက်ချောင်းကလေးများဖြင့် ဆံပင်ကြားသို့
ထိုးဖွခြင်းခံရသောအခါ သခင်၏ ကျေသပ်ခြင်းကိုခံရသော အမဲလိုက်ခွေးကဲ့သို့ ကျေနပ်နှစ်သိမ့်ခဲ့ရပါသည်။

ခေတ်မမီတော့သော်လည်း တန်ဖိုးမကျသည့် တစ်လက်ကိုင် စလုံး နံပါတ် မာစီးဒီးကားကဲ့သို့
ခန့်ညားထည်ဝါလှသော အို... ချစ်မမ။

ထိုကဲ့သို့သော မမသည် နွေမွန်းတည့်ကဲ့သို့ နှိပ်စက္ကူ ငါးပန်တတ်ပြီး မြောက်ပြန်လေကဲ့သို့
လှည့်စားတတ်လျက် ရန်ကုန်မိုးကဲ့သို့ မာယာများကာ ဇွဲဆိုးဖောက်သော မြင်းကဲ့သို့
ပညာပြတတ်ခြင်းအတွက် ကျွန်တော်အထိတ်တလန့် အံ့သြမိကြောင်းပါခင်ဗျား။

(၁၉၇၈


Commercial use of this book will be at your OWN RISK

## အမိန့်စာပြန်ခြင်း

ကွယ်လွန်သူမောင်မင်းလူ နာခံလော့
ကျွန်ုပ်၏ အပြုံး
ကျွန်ုပ်၏ အမဲ့
ကျွန်ုပ်၏ အကြည့်
ကျွန်ုပ်၏ မျက်စောင်း
ကျွန်ုပ်၏ ဖိတ်ခေါ်မှု
ကျွန်ုပ်၏ လမ်းခွဲမှု
ကျွန်ုပ်၏ ယုယမှု
ကျွန်ုပ်၏ ရက်စက်မှု
စသည်... စသည်တို့ကြောင့်

သင်သည်
စိတ္တဇဝေဒနာကို
အလူးအလဲခံစားပြီးနောက်
သင်၏နှလုံးသားသည်
အတွင်းကြေကြေလျက်
နာတာရှည်လူငယ်ရောဂါဖြင့်
ကွယ်လွန်သွားခဲ့ပါသည်။

ထို့ကြောင့်.. ယနေ့မှစ–
သင့်အား... ဘေးမဲ့ပေးလိုက်သည်။
သင်သွားလိုရာသို့သွားနိုင်ပြီ။
သင်ကောင်းရာသုဂတိလားပါစေသော်ဝ်။

ပုံ – မမနွေမိုးဆောင်း

(၁၉၇၈)



Commercial use of this book will be at your OWN RISK

## စုံထောက်ဝါသနာ

နားမျက်စိကို အစဉ်ဖွင့်ထားခြင်း
အမှတ်တမဲ့မနေတတ်ခြင်း
ကောက်နုတ်ချက်ချတတ်ခြင်း
ကောက်နုတ်ချက် မှန်မမှန်
လိုက်ပြီးစုံးစမ်းနေစရာတောင် မလိုပါဘူးလေ။ ။

မင်းမျက်လုံးတွေဟာ
တဖျပ်ဖျပ်တောက်ပြီး
မိန်းကလေးအချင်းချင်းကိုတောင်
မသိမသာခိုးကြည့်တတ်တာကြောင့်
အသစ်အဆန်းမှန်သမျှ
မင်းစိတ်ဝင်စားတယ်ဆိုတာ
တပ်အပ်ပြောနိုင်ပါတယ်။ ။

မင်းရဲ့မျက်နှာမှာ
ချွေးစကလေးတွေ ဘယ်တော့မှမတွေ့ရတာရယ်
လက်ဆယ်ချောင်းစလုံး လက်သည်းရှည်နေတာရယ်
နှုတ်ခမ်းမှာ ငွေပြာရောင်မပြတ်ရှိနေတာရယ်ကြောင့်
မင်းဟာ… အလှပြင်ဖို့ပဲ အမြဲစိတ်ကူးနေတယ်ဆိုတာ
တပ်အပ်ပြောနိုင်တယ်။ ။

မင်းရဲ့လက်ချောင်းကလေးတွေမှာ
ရွှေဝါရောင်မွေးညင်းကလေးတွေ
ရှည်လျားစွာရှိနေတာကြောင့်
မင်းထမင်းချက်တာ ဝါသနာမပါဘူးဆိုတာ
တပ်အပ်ပြောနိုင်တယ်။ ။

ကဲ… မင်းဘာငြင်းချင်သေးသလဲ။ ။

(၁၉၇၈)


Commercial use of this book will be at your OWN RISK

## သို့.... ဒေါက်တာ ခရစ်စတင်းဘားနတ်...

သို့
ဒေါက်တာ ခရစ်စတင်းဘားနတ်
နှလုံးအစားထိုးကု ဆရာဝန်
ကိပ်တောင်း
တောင်အာဖရိကနိုင်ငံ

ဒေါက်တာခင်ဗျား
ကျွန်တော်၏နှလုံးသားသည်
လက်သည်အဆိပ်တက်ရောဂါ ဖြစ်နေပါသည်။

အဆုပ်သွေးပြန်ကြောမှ လာသည့်သွေးတို့တွင်
ကိုယ်သင်းနံ့ရောဂါပိုးများ ကပ်ငြိလာပါသည်။

သွေးကြောမကြီးတို့သည် အလုပ်မလုပ်တော့ဘဲ
သွေးလေချောက်ချားလျက်ရှိပါသည်။

သွေးလှောင်ခန်းများတွင်လည်း
မျက်ရည်များဖြင့်သာ ပြည့်နှက်လျက်ရှိပါသည်။

Commercial use of this book will be at your OWN RISK

နှလုံးသားကြွက်သားတို့သည်လည်း
အင်အားချည့်နဲ့လျက်
မိမိအားနှိပ်စက်ကလူပြုခဲ့သူကိုပင်
ရန်တုန့်ပြန်ရန်အင်အားမရှိတော့ဘဲ
ခွင့်လွှတ်၍သာ နေခဲ့ရပါသည်။

ထို့ကြောင့်
ကျွန်တော်၏ နှလုံးသားကို
ဝံပုလွေတစ်ကောင်၏ နှလုံးသားနှင့်
အစားထိုးကုသပေးပါရန် ခင်ဗျား။


Commercial use of this book will be at your OWN RISK

## မမြင်အပ်သောအရာ

ပေပင်တစ်ပင်ဟာ
သူ့တစ်သက်တာမှာ
တစ်ကြိမ်မဲ့အသီးသီးသတဲ့။
ကျီးကန်းမတစ်ကောင်ဟာ
သူ့တစ်သက်တာမှာ
တစ်ကြိမ်ပဲသားပေါက်သတဲ့။
ပျားတစ်ကောင်ဟာ
သူ့တစ်သက်တာမှာ
တစ်ကြိမ်ပဲတုပ်နိုင်သတဲ့။
မင်က... ကျတော့
တစ်ကြိမ်မှာ ဥပေါင်းထောင်သောင်းမက
ချတတ်တဲ့ငါးသလောက်တစ်ကောင်လို
လူပေါင်းများစွာကို ချစ်ခဲ့ပြီးပြီ။
စာအုပ်ပေါင်းများစွာကို ကိုက်ဖြတ်တတ်တဲ့
ခြတစ်ကောင်လို
နှလုံးသားများစွာကို ဖျက်ဆီးခဲ့ပြီးပြီ။
အကြိမ်ပေါင်းများစွာ ဆက်တိုက်ပစ်ခတ်နိုင်တဲ့
စက်သေနတ်တစ်လက်လို
ပါးပေါင်းများစွာကို ကိုက်နှက်ခဲ့ပြီးပြီ။
တစ်သက်တာမှာ
တစ်ကြိမ်သာပေါက်ကွဲနိုင်တဲ့
လက်ပစ်ဗုံးနဲ့တူတဲ့
ငါ့နှလုံးသားရဲ့ စနက်တံကိုတော့
မင်းကိုဖြုတ်ခွင့်မပေးနိုင်ဘူး။

(၁၉၇၈)

Commercial use of this book will be at your OWN RISK

# ကျွန်ုပ်တို့ဘက်မှ အကျအဆုံးများသည်
# (ပထမပိုင်း)

'ဟေ့… ရပ်လိုက်၊ ဘယ်သူလဲ'
'အချစ်ပါခင်ဗျာ'

'ဘယ်ကအချစ်လဲ'
'နှလုံးသားမြို့နယ်ကအချစ်ပါ'

'မှတ်ပုံတင်ပါသလား'
'မေတ္တာကောင်စီကထောက်ခံစာပါပါတယ်'

'ဒါပေမယ့်… မင်းကိုရှာဖွေရဦးမယ်'
'လက်နက်ဆိုလို့ မဲ့ပြုံးလေးတစ်ခုတောင်
မပါပါဘူးခင်ဗျာ'

'ဘာကိစ္စလာတာလဲ'
'လက်ဆောင်တွေလာပို့တာပါ'

'ဘာလက်ဆောင်လဲ'
'သစ္စာတရားနဲ့ယုယမှုတွေပါခင်ဗျာ'

'ဒါဆိုရင်လည်းဝင်ခဲ့လေကွယ်'



Commercial use of this book will be at your OWN RISK

## (ဒုတိယပိုင်း)

'ဟော့... ရပ်လိုက်၊ ဘယ်သူလဲ'
'ငါ... အမုန်းကွ'

'ဘယ်ကအမုန်းလဲ'
'အစိမ်းရောင်နယ်မြေက'

'မှတ်ပုံတင်ပါသလား'
'မပါဘူး၊ ရက်စက်မှုနဲ့ မျက်စောင်းတစ်ခုပဲ ပါတယ်'

'ဘာကိစ္စလဲ'
'လက်ဆောင်ပေးမလို့'

'ဘာလက်ဆောင်လဲ'
'မျက်ရည်'

'အို...မလိုချင်ဘူး၊ သွား... သွား'

'မလိုချင်လို့မရဘူး၊ မင်းကိုဝိုင်းမိထားပြီ၊
လက်မြှောက်လိုက်'

'ကျွန်တော့်ကိုချမ်းသာပေးပါခင်ဗျာ'

'မရဘူး၊ ဟော့.. ဘာလို့ပြေးတာလဲ၊ ရပ်လိုက်'

'... ... ...'

'အမုန်းတဲ့ကွ... ပြေးနိုင်မှ လွတ်စေ့မနော်၊
လိုက်ဟ... လိုက်ဟ'

## (ပြီးပါပြီ)

(၁၉၇၈)

Commercial use of this book will be at your OWN RISK

# ဦးမင်းလူကောင်းမှု

ဦးမင်းလူကောင်းမှု
နတ်လူသာစုခေါ်စေသောဝ်။
ကုက္ကိုပင်၏
ကောင်းသောအရိပ်အောက်တွင်
တည်ထားသော
ဝေနေယျသုခ ရေချမ်းစင်ကလေး
ဖြစ်ပါသည်။

လေးတိုင်စင်ထောင်ပြီး
ဝါးကပ်ကာ သက်ကယ်မိုး၍
မြက်ပင်စိမ်းကလေးများ ပေါက်နေသော
သဲပြင်သန့်သန့်ဖွေးဖွေးပေါ်တွင်
စစ်ကိုင်းရေအိုးကလေး ရှိပါသည်။

ပွတ်လုံးလက်ကိုင်တပ်ထားသော
ချောမွတ်နေသည့်
အုန်းမှုတ်ရေခွက်ကလေးလည်းရှိပါသည်။

အပူရှိန်ပြင်းသော နွေခရီးကို
ဖြတ်သန်းလာသည့် မည်သူမဆို
ငြိမ်းချမ်းသောရေကို
အမောပြေ ချွေးသိပ်ရင်း
သောက်သုံးကြပါလှည့်။

သို့ရာတွင်...
တစ်ခုတော့ တောင်းပန်လိုပါသည်။
အသည်းနှလုံးနှင့်တူသော
ရေခွက်ကလေးကိုမူ
ခိုးယူ၍ မသွားကြပါနှင့်။

သတ္တဝါအပေါင်း
ကျန်းမာချမ်းသာကြပါစေ။

(၁၉၇၉)


Commercial use of this book will be at your OWN RISK

# ဖြတ်ပိုင်းပြန်မလာ

တကယ့်တကယ် တွေးကြည့်တော့
ကိုယ်ဟာ
ထီလက်မှတ်တစ်စောင်ပါလားနော်။

ထီမဖွင့်ခင်မှာ
ကျပ် တစ်သိန်းအထိ ထိုက်တန်ပေမယ့်
ထီဖွင့်ပွဲပြီးလို့
ထီပေါက်စဉ်ထဲမှာ မပါတော့ရင်
ဘာမှ အသုံးမကျတဲ့တော့တဲ့
ထီလက်မှတ်တစ်စောင်လို
ချောင်ထိုးထားခြင်းခံလိုက်ရပါပေါ့လား။

ခုအချိန်မှာ မင်းဟာ ကိုယ့်ကို
ခွာပြုတ်သွားတဲ့
ဒေါက်မြင့်ဖိနပ်လေးလောက်တောင်
သနားနေမှာ မဟုတ်တော့ပါဘူး။

ကိုယ့်ကို အဆက်ဖြတ်ဖို့ ကြံစည်ရတာဟာ
ခြေသည်းကလေးတွေကို
ညီအောင်ညှိရတာလောက်တောင်
ပင်ပန်းမှာ မဟုတ်ပါဘူး။

ကိုယ့်ကို မေ့ပစ်ဖို့ ကြိုးစားရတာဟာ
နှောက်ကွဲ ဘရာဇီယာကလစ်ကို
ဆွဲချိတ်ရတာလောက်ဆောင်
ခဲယဉ်းမှာ မဟုတ်ပါဘူး။

ကိုယ့်အတွက်တော့
ထောင်ကထွက်လာတဲ့လူဟာ
ထောင်ကိုမုန်းပေမယ့်
မေ့ဖျောက်လို့ မရနိုင်သလိုပဲ
မင်းကို နာကျည်းပေမယ့်
သတိရ စွဲလန်းနေဆဲပါကွယ်။

(၁၉၇၉)



Commercial use of this book will be at your OWN RISK

# မောင်သနားလှတယ်

မမြင်ဘူးရင်ကြည့်ထားပေါ့
ဟောဒါ...
ဘက်(စ်)ကားလက်မှတ်လို့ခေါ်တယ်ကွယ့်။

ရုပ်ရှင်ရုံက တစ်ကျပ်ခွဲတန်းဆိုတာ
သုံးထပ်သားခင်းထားတဲ့ ထိုင်ခုံတွေပေါ့ကွယ်။

ငစိန်ဆန်ဆိုတာ
မင်းတို့အိမ်က ဒရိုင်ဘာမိသားစုစားတဲ့
ဆန်ဝါကျင့်ကျင့်ကြီးတွေကို ပြောတာပါကွယ်။

ဒါကတော့
ငါးပြားတန် ကျားမသန်းငွေဆေးပေါ့လိပ်ပဲ
မြန်မာပြည်မှာ လူသောက်အများဆုံးပေါ့ကွယ်။

အနေးယာဉ်ဆိုတာကတော့
ဆိုက်ကားလို့ခေါ်တဲ့
အငှားစက်ဘီးကိုဆိုတာပေါ့ကွယ်။

အင်း... အင်း... ဟုတ်ပါတယ်
ကရဝိတ်ဟိုတယ်က ရေခဲရေနဲ့
ဘတ်(စ်)ကားမှတ်တိုင်မှာရောင်းတဲ့
ရေခဲရေ
အရသာ မရှိတာချင်းအတူတူပါပဲကွယ်။

သိမ်ကြီးဈေး စီရုံနားမှာ
ရုတ်ရုတ်သဲသဲ
လွတ်ရာကျွတ်ရာ ပြေးလွှားနေကြတာ
ပုံကျဈေးသည်တွေပေါ့ကွယ်။

ဒါတွေ မင်းမသိသေးတာ
စိတ်မကောင်းပါဘူးကွယ်။

လာပါလေ...
တို့ခြေလျင်လျှောက်ကြည့်ရအောင်။
စပါးပင်တွေ မရှိတဲ့နေရာမှာလည်း
နေပူတာပါပဲဆိုတာ
မင်းသိစေချင်စမ်းလှတယ်ကွယ်။

(၁၉၇၉)


Commercial use of this book will be at your OWN RISK

# သူရဲကောင်းငါးယောက်

သူငယ်ချင်း ကဗျာသမားတစ်စု
လက်ဖက်ရည်ဆိုင်မှာ ဆုံကြတော့
ကိုယ့်ရည်းစားကို
ကြောက်သလား၊ မကြောက်ဘူးလားဆိုတာ
တစ်ယောက်တစ်လှည့် ပြောရတယ်။

ပထမသူငယ်ချင်း
'ငါတော့ ရှင်းရှင်းပဲ... ငါ့ရည်းစားကို
ကြောက်တယ်ဟေ့'

ဒုတိယသူငယ်ချင်း
'ငါလဲကြောက်တာပဲ'

တတိယသူငယ်ချင်း
'ငါကတော့... အင်း... ကြောက်ရတာပါပဲကွာ'

စတုတ္ထသူငယ်ချင်း
'ငါ့မှာတော့ ရည်းစားမှမရှိဘဲ
အေးလေ... ရှိလာရင်လဲ
မင်းတို့လို ကြောက်ရမှာပါပဲ'

နောက်ဆုံး
ကျွန်တော့်အလှည့်လည်း ရောက်ကရော
'သူငယ်ချင်းတို့...
ကိုယ်ကတော့
ကိုယ့်ရည်းစားကို လုံးဝမကြောက်ဘူးကွ'
လို့... ရင်ကော့ပြီး ပြောလိုက်တော့...
လက်ခုတ်သြဘာသံ ဆူညံသွားပြီး
ကျွန်တော့်ကို သူရဲကောင်းဘွဲ့ပေးနေကြတုန်း
သူမှာထားတဲ့ စကားလေးတစ်ခုကို
ဖျပ်ခနဲ သတိရလိုက်တယ်

'ကိုကိုနော်... သူငယ်ချင်းတွေက
ရည်းစားကိုကြောက်ရသလားလို့မေးရင်
မကြောက်ဘူးဖို့ ဖြေရမယ်ကြားလား' တဲ့ ခင်ဗျ။

(၁၉၇၉)



Commercial use of this book will be at your OWN RISK

## ဥစ္စာရှုးတစ်ယောက်အမှု

အစကတော့
ဘယ်တော့မှ မခွဲပါဘူးဆို
ကျောင်းပိတ်ရက်တွေ
မလိုချင်ပါဘူးဆို
ယောက်ျား မိန်းမခွဲစီးရတဲ့
အမှတ်(၉) ကားကိုတောင်
မစီးချင်ပါဘူးဆို။

အသားချင်း မထိမှာစိုးလို့
နှုတ်ခမ်းနီတောင် မဆိုးပါဘူးဆို။

ဒါပေမယ့်
'ပြန်တမ်းဝင်' ဆိုတဲ့
စကားလုံးကို မြင်ရုံနဲ့ ...
'ဒုတ်ဆန်းကား' ဆီက
'ပိညှက်ပိညှက်' ဆိုတဲ့ အချက်ပေးသံကို
ကြားရရုံနဲ့...
ကျပ်ငွေငါးသောင်းတန်
'ချက်လက်မှတ်' တစ်စောင်ကို တွေ့ရရုံနဲ့
မင်းမျက်လုံးတွေက
မှုမမှန်တော့ဘူး။

ဟင်...
အခုတော့လည်း တစိမ်းတွေလိုပါပဲလား။

(၁၉၇၉)



Commercial use of this book will be at your OWN RISK

# ရိလေ တီ ဗိတီ သီအိုရီ

ယောက်ျားကလေးများအဖို့
တစ်ထွာသောဆံပင်သည်
အရှည်ကြီးဖြစ်၏။

မိန်းကလေးများအဖို့
တစ်ထွာသောဆံပင်သည်
တိုတိုကလေးဖြစ်၏။

ဘတ်(စ်)ကားပေါ်မှလူအဖို့
အင်းစိန်နှင့်ရန်ကုန်ခရီးသည်
အဝေးကြီးဖြစ်၏။

ကိုယ်ပိုင်ကားပေါ်မှလူအဖို့
အင်းစိန်နှင့်ရန်ကုန်ခရီးသည်
နီးနီးလေးဖြစ်၏။

တောင်အောက်မှလူအဖို့
ထိုလမ်းသည်
အတက်ဖြစ်၏။

တောင်ပေါ်မှလူအဖို့
ထိုလမ်းသည်
အဆင်းဖြစ်၏။

Commercial use of this book will be at your OWN RISK

ညအဖို့
၁၂ နာရီသည် သန်းခေါင်ယံဖြစ်၏။

နေ့အဖို့
၁၂ နာရီသည် မွန်းတည့်ဖြစ်၏။

လူကြီးများအဖို့
အချစ်သည် အတိတ်ဖြစ်၏။

လူငယ်များအဖို့
အချစ်သည် အနာဂါတ်ဖြစ်၏။

(၁၉၇၉)



Commercial use of this book will be at your OWN RISK

**ဈေး**

(က)
'အချစ်တွေဘယ်ဈေးလဲ'
'ဒတ်ဆန်းတစ်စီး'
'မများဘူးလား'
'ရာတန်တစ်ထပ် နောက်ဆုံးဈေးပဲ'
'ကဗျာတစ်ပုဒ်နဲ့ မရဘူးလားဗျာ'
'အိုရှင်… ဘာလို့ဒီလောက်ဈေးနှိမ်ရတာလဲ၊
ဒါ ရှားပါးပစ္စည်းရှင့်… သိရဲ့လား'

(ခ)
'မျက်ရည်တစ်ဂါလံ ဘယ်လောက်လဲ'
'ကဗျာဆယ်ပုဒ်'
'ငါးပုဒ်ထားပါ'
'ခုနစ်ပုဒ်ပေးပါ'
'ငါးပုဒ်ပဲထားပါဗျာ'
'ကဲ…လေ ယူသွား၊ ဈေးဦးပေါက်မို့လျှော့တာနော်'

(ဂ)
'အသည်းနှလုံးမရှိဘူးလားရှင်'
'ကြပ်တင်ထားတာပဲရှိတယ်'
'လတ်လတ်ဆတ်ဆတ်မှ လိုချင်တာ'
'နှလုံးသားကြပ်တင်လည်း ကောင်းပါတယ်ဗျာ'
'ကျွန်မက… သံပရာရည်နဲ့ သုပ်စားချင်တာရှင့်'

Commercial use of this book will be at your OWN RISK

(ဃ)
'သံယောဇဉ်တစ်ကိုက်လောက် လိုချင်တယ်'
'တစ်ကိုက်တည်းတော့ ဖြတ်မရောင်းနိုင်ပါဘူး'
'ဘယ်လောက်ယူရမှာလဲ'
'ငါးတောင်စ ယူပါလား'
'များနေမလားလို့'
'သံယောဇဉ်ဆိုတာ ရှည်မှကောင်းတာဗျ'
'အင်းလေ... ယူပါ့မယ်... ဝမ်းဆက်ချုပ်ရမှာပေါ့'

(င)
'အိုးကလေးတွေ ကြည့်ရအောင်'
'ဘယ်ဟာပြရမလဲခင်ဗျ'
'ဟိုဘက်က အိုးပါးပါးလေးတွေပြစမ်းပါ'
'အဲဒီအိုးတွေတော့ မယူပါနဲ့ဗျာ...
စေတနာနဲ့ ပြောတာပါ
မခိုင်ဘူး လွဲလွယ်တတ်လွန်းလို့ပါ'
'ဘာအိုးတွေလဲဟင်'
'ဒေါသအိုးတွေပါ'

Commercial use of this book will be at your OWN RISK

(စ)
အမုန်းပွဲတော်အတွက်
အထူးလျှော့ဈေး
ဝေဒနာတစ်ပိဿာဝယ်လျှင်
မျက်စောင်းတစ်ခု
လက်ဆောင်ပေးပါမည်
မည်သူမဆိုလွတ်လပ်စွာဝယ်ယူနိုင်ပါသည်။

(၁၉၇၉)


Commercial use of this book will be at your OWN RISK

# ကျွန်ုပ်၏လက်တုံ့ပြန်ခြင်း

ကျွန်ုပ်အား တရားဝင်စိန်မခေါ်ဘဲ
ရာထူး ညာဖြောင့်လက်သီးတစ်လုံးဖြင့်
အလစ်ထိုးနှက်ပြီး
ဒိုင်ပွဲရပ်ဖြင့် မတရားအနိုင်ယူသွားသော
လူကြီးမင်း ဒုတိယလူ... သို့။

သင်သည် အချစ်ကိုစိုက်ကြည့်သောအခါ
အချစ်၏ မျက်လုံးသူငယ်အိမ်ထဲတွင်
သင် နားမလည်သော
အဓိပ္ပာယ်များရှိနေပါလိမ့်မည်။

သင်က အချစ်ကိုယုယရန်
ကြိုးစားသောအခါ
အချစ်သည် တစ်ဖက်သို့လှည့်၍
သင်မမြင်အောင် ပြုံးပါလိမ့်မည်။

သင်က အချစ်ကိုနမ်းသောအခါ
သင့်နှုတ်ခမ်းနှင့်
အချစ်နှုတ်ခမ်းတို့အကြားတွင်
လေဟာနယ်တစ်ခု
ဖြစ်ပေါ်၍နေပါလိမ့်မည်။

အချစ်၏ လက်ဝဲဘက်ရင်အုံကို
ဓာတ်မှန်ရိုက်ကြည့်ခဲ့လျှင်
အချစ်၏နှလုံးသားထဲ၌ ဝှက်ထားသည့်
ပြုံးနေသော ကျွန်ုပ်၏ဓာတ်ပုံကလေးကို
သင် အံ့သြစွာတွေ့ရပါလိမ့်မည်။

အို... မိတ်ဆွေကြီး ဒုတိယလူ...
ချန်ပီယံသရဖူကို ဆွတ်ခူးခဲ့သော်လည်း
စံချိန်သစ်တင်နိုင်သူ မဟုတ်သောသင်သည်
မြစ်ရေအလျင်နှင့် အပြေးပြိုင်နေသော
သတ္တဝါလေးသာ
ဖြစ်ပါတော့သည်တကား။

(၁၉၇၉)



Commercial use of this book will be at your OWN RISK

# သူနှင့်တွေ့ဆုံခြင်း

အမည် – အချစ်

အသက် – ကညာ

နေရပ် – ကံကော်တော

ပညာအရည်အချင်း – အနမ်း

အနှစ်သက်ဆုံးအစားအစာ – တစ်ယောက်တစ်ဝက်သောက်ခဲ့သောရေခဲရေ

အနှစ်သက်ဆုံးရုပ်ရှင်–လက်ချင်းဆုပ်ကိုင်၍ကြည့်ခဲ့သောဇာတ်ကား

အနှစ်သက်ဆုံးဝတ္ထု – သူရေးသောရည်းစားစာ

အနှစ်သက်ဆုံးသီချင်း – အဆောင်ရှေ့မှာလာဆိုသောသီချင်း

အနှစ်သက်ဆုံးအဆိုတော် – ဥသြငှက်

အနှစ်သက်ဆုံးအရောင် – ကိုကို့မျက်လုံးများ

ဝါသနာ – စိတ်ကောက်ခြင်း

ထိုးမြဲလက်မှတ် – ♥

(၁၉၈၁)



Commercial use of this book will be at your OWN RISK

## ဗိုလ်ချုပ်ဈေး ငွေစာရင်းရှင်းတမ်း

'ဒီလိုလေကိုကိုရဲ့ သေသေချာချာနားထောင်နော်။
ဒီနေ့အသုံးစရိတ်က…
ခိုင်သဇင်ဖိနပ်ဆိုင်မှာ
နှစ်လက်မ ထောက်မြင့်ဖိနပ်ဝယ်တာက
သုံးဆယ့်ခြောက်ကျပ်…

အန်တီဒေါ်လီဆိုင်မှာ
လက်သည်းဆိုးဆေးပုလဲရောင်က
အယ့်ကိုးကျပ်ခွဲ…

မမမာကို
ဘလောက်စ်အင်္ကျီတွေ ချုပ်ခပေးတာက
နှစ်ဆယ့်ခုနစ်ကျပ်…

ပြီးတော့… ဟို…
အတွင်းခံစကတ်ပန်းနုရောင်
ဆယ့်ရှစ်ကျပ်…

နန်းကြီးသုပ်နဲ့
ရွှေရင်အေးက
ငါးကျပ်…

တက်စီခ
နှစ်နာရီအတွက်ဆိုတော့
သုံးဆယ်…

အဲဒီတော့ စုစုပေါင်း… ဟိုက
သုံးဆယ့်ခြောက်နဲ့ ဆယ့်ကိုးကျပ်ခွဲနဲ့
အင်း… နှစ်ဆယ်ခုနစ်နဲ့ဆို ရှစ်ဆယ်နဲ့
အားလုံးကိုကိုရာ
တစ်ရာသုံးဆယ့်ငါးကျပ်ခွဲ

အဲ… မေ့လို့ မေ့လို့
ကိုကို့အတွက်လည်း ဝယ်လာသေးတယ်
မုတ်ဆိတ်ရိတ် ဘလိတ်ဓား
နှစ်ချောင်း… ငါးမူး
တစ်ရာသုံးဆယ့်ခြောက်ကျပ်တိတိပေါ့ ဟင်း… ဟင်း။'

ဟုတ်ပါပြီ… ဟုတ်ပါပြီ
ဘလိတ်ဓားက
တော်တော်ထက်တယ်ထင်တယ်။ ။

(၁၉၈၁)

Commercial use of this book will be at your OWN RISK

## အတ္တရာယ်သတိပေး

အို… အချင်းတို့၊
သူတို့သည်… သရီးစတက်၊ ငွေပြာရောင်
လည်ပတ်ိုက်တည်းဟူသော ရူပါရုံဖြင့်လည်းကောင်း၊

အိုကွယ်၊ သူနော် ဟင်း၊ ကိုကို့ကို သိပ်ချစ်တာပဲ၊
တည်းဟူသော သဒ္ဒါရုံဖြင့်လည်းကောင်း၊

အီလိုက်၊ နတ်ရေကန်၊ ကရမက်တည်းဟူသော
ဂန္ဓာရုံဖြင့်လည်းကောင်း၊

ထမင်းဘူး၊ ကိုယ်တိုင်ချက်တဲ့ဟင်း၊ သကြားလုံးတည်းဟူသော
ရသာရုံဖြင့်လည်းကောင်း၊

လက်ဖဝါး၊ ဆံပင်၊ နှုတ်ခမ်းတည်းဟူသော
ဖောဋ္ဌဗ္ဗာရုံဖြင့်လည်းကောင်း၊
သွေးဆောင်ဖျားယောင်းကြကုန်အံ့။ ။

နှုတ်ခမ်း၏ နောက်ကွယ်မှ
အစွယ်ကို မမြင်ကြလေသလော။

လျှာဖျား၌ တွဲခိုနေသော
လိမ်ညာမှုကို မကြားကြလေသလော။

သနပ်ခါးဖြင့် လွှမ်းထားသော
အမုန်းနံ့ကို မရကြလေသလော။

သကြားလုံးထဲ၌ ထည့်သွင်းထားသော
အပင်းကို မသိကြလေသလော။

အာရုံငါးပါးနောက်သို့ အလိုက်မှား၍
ပျက်စီးရသော ကျွန်ုပ်ကို
သင်ခန်းစာယူကြကုန်။

အို… အချင်းတို့
နိုးနိုးကြားကြားရှိကြကုန်လော့။
သတိဆွဲ၍ နေကြကုန်လော့။ ။

(၁၉၈၁)


Commercial use of this book will be at your OWN RISK

# ရယ်ခြင်းကြီးလေးပါး

‘ဒီလူ့အန္တကြီးတော့
သူ့နောက်ကွယ်မှာ
ငါဘာတွေလုပ်နေတယ်ဆိုတာ မသိရှာဘူး
ငါပြောသမျှ အဟုတ်ထင်
ငါလုည့်စားသမျှ ယုံကြည်နေတာပဲ’ ဆိုပြီး
မိန်းမက ရယ်သတဲ့။

‘အင်း... ဒီလူတွေဟာ
သူတို့ဖောက်ပြန်ကြတာ
ဘယ်သူမှ မသိကြဘူး
သူတို့ကိုယ်သူတို့ လုံခြုံလှပြီ
ဟုတ်လှပြီ ထင်နေကြတယ်’ ဆိုပြီး
အိမ်ထောင်ပရိဘောဂက ရယ်သတဲ့။

‘အော်... သတ္တဝါတွေ
ငိုကြ၊ ရယ်ကြ၊
ဖောက်ပြန်ကြ၊ ယုတ်မာကြနဲ့
နောက်ဆုံးတော့
သူတို့ ငါ့ဝမ်းဗိုက်ထဲပဲရောက်ရမှာပဲ’ ဆိုပြီး
မြေကြီးက ရယ်သတဲ့။

ကျွန်တော်ကဖြင့်
အူထဲ အသည်းထဲ ကလီဇာထဲက
ကလိကလိမြည်နေပမယ့်
ရယ်ချင်တဲ့စိတ်ကို
မနည်းကြီး
ကြိတ်မှိတ်မျိုသိပ်ထားရသဗျာ။

(၁၉၈၁)



Commercial use of this book will be at your OWN RISK

## ဦးမင်းလူ နုတ်ထွက်သွားခြင်း

ယောကျ်ားပီသတယ်ဆိုတာ
ကိုယ်နိုင်တဲ့လူကို
ဖိတွယ်တတ်တာဆိုရင်…။

ရိုးသားတယ်ဆိုတာ
သူများမကောင်းကြောင်းနဲ့
ကိုယ်ကောင်းကြောင်းကို
မကွယ်မဝှက်ဖွင့်ပြောတတ်တာဆိုရင်…။

ကြိုးစားတယ်ဆိုတာ
ကိုယ့်မိသားစုကောင်းစားရေး
တစ်ခုတည်းအတွက်ကြံစည်တာဆိုရင်…။

ဂုဏ်သရေရှိတယ်ဆိုတာ
သူတစ်ပါးအပေါ်
အထက်စီးကဆက်ဆံခွင့်ရတာဆိုရင်…။

အားကိုးရတယ်ဆိုတာ
ညွှန်ကြားရေးမှူးချုပ်ရဲ့ ပီအေနဲ့
ခင်တယ်ဆိုတာကို ပြောတာဆိုရင်…။

မင်းရဲ့ဧည့်သည်တော်စာရင်းထဲက
ငါ့နာမည်ရဲ့ဘေးမှာ
'ရာသက်ပန် ဖျက်သိမ်း' ဆိုတာလေး
တဆိတ်လောက်
တေးမှတ်ထားလိုက်စမ်းပါကွယ်။ ။

(၁၉၈၁)



Commercial use of this book will be at your OWN RISK

# မိဘမေတ္တာ ကြီးမားပုံ

၁၉၇၂ (ပထမနှစ် တက္ကသိုလ်ကျောင်းသား)
'ကိုယ်ပိုင်အိမ်တစ်လုံးမဆောင်နိုင်ဘဲနဲ့ အိမ်ထောင်မပြုဘူးကွ
ဒါ ငါ့ရဲ့သန္နိဋ္ဌာန်ပဲ'

၁၉၇၆ (နောက်ဆုံးနှစ် တက္ကသိုလ်ကျောင်းသား)
'ကိုယ်ပိုင်အိမ် မဆောက်နိုင်ရင်တောင်
အိမ်ခန်းသန့်သန့်လေးတော့ ငှားနေနိုင်မှဟေ့... ဒါပဲ'

၁၉၇၇ (ဘီအေ – အမ်အေ – ကျူတူး)
'မိဘအိမ်မှာပဲနေလို့တော့ရတယ်၊
မင်္ဂလာဆောင်ကို သားသားနားနားလုပ်ရမယ်'

၁၉၇၈ (ကဗျာဆရာ)
'မင်္ဂလာဆောင်ကို
အကျဉ်းရုံးလုပ်တာကောင်းတယ်
ခန်းဝင်ပစ္စည်းကို မရှိမဖြစ်တာပဲ ဝယ်တာပေါ့'

၁၉၈၁ (ကဗျာဆရာ၊ စာရေးဆရာ၊ သီချင်းရေးဆရာ)
'မကောင်းမြစ်တာ
ကောင်းရာညွှန်လတ်
အတတ်သင်စေ
ပေးဝေနှီးရင်း
ထိမ်းမြားခြင်းလျှင်
ဝတ်ငါးအင်
ဘခင်မယ်တို့တာ'
(မိဘဝတ်ငါးပါး)

(၁၉၈၁)



Commercial use of this book will be at your OWN RISK

## စွဲချက်တင်သင့် မတင်သင့်

သူတစ်ပါးရဲ့နှလုံးသားကို
ခွဲရလို့ပျော်တဲ့သူဟာ
နှလုံးအစားထိုးကုပါရဂူ
ဒေါက်တာခရစ်စတင်းဘားနတ်
တစ်ယောက်ပဲရှိမယ်။

သူတစ်ပါးရဲ့ဦးနှောင့်ကို
ဖောက်စားရလို့
ပျော်တဲ့သူဟာ
ပင့်ကူတစ်ကောင်ပဲရှိမယ်။

သူတစ်ပါးရဲ့သွေးကို
အဆိပ်တတ်စေရလို့
ပျော်တဲ့သူဟာ
မြွေတစ်ကောင်ပဲရှိမယ်။

ပြီးတော့...
ချစ်သူနဲ့ခွဲခွာရလို့
ပျော်တဲ့သူဟာ
တောထွက်ပုဂ္ဂိုလ်တစ်ဦးပဲရှိမယ်။

မင်းလဲ
ခရစ်စတင်းဘားနတ် မဖြစ်ပါစေနဲ့။
ပင့်ကူတစ်ကောင် မဖြစ်ပါစေနဲ့။
မြွေတစ်ကောင် မဖြစ်ပါစေနဲ့။

ငါလဲ...
တောပျော်ရသေ့ကြီး မဖြစ်ပါရစေနဲ့။ ။

(၁၉၈၁)

Commercial use of this book will be at your OWN RISK

# ဆွေးနွေးခန်း

မေး။ အကျယ်ဝန်းဆုံးအရာကား အဘယ်နည်း။
ဖြေ။ အစာအိမ်ဖြစ်ပါသည်။

မေး။ အရှည်ဆုံးအရာကား အဘယ်နည်း။
ဖြေ။ လျှာဖြစ်ပါသည်။

မေး။ အဝေးဆုံးအရာကား အဘယ်နည်း။
ဖြေ။ နားရွက်ဖြစ်ပါသည်။

မေး။ အခြေခံအကျဆုံးအရာကား အဘယ်နည်း။
ဖြေ။ ဖိနပ်ဖြစ်ပါသည်။

မေး။ အမှန်ဆုံးအရာကား အဘယ်နည်း။
ဖြေ။ သမာဓိချိန်ခွင်ဖြစ်ပါသည်။

မေး။ သစ္စာအရှိဆုံးအရာကား အဘယ်နည်း။
ဖြေ။ မှန်ဖြစ်ပါသည်။

မေး။ တန်ဖိုးအကြီးဆုံးအရာကား အဘယ်နည်း။
ဖြေ။ ချက်လက်မှတ်ဖြစ်ပါသည်။

မေး။ အသန့်ရှင်းဆုံးအရာကား အဘယ်နည်း။
ဖြေ။ ဆပ်ပြာဖြစ်ပါသည်။

မေး။ စိတ်အချရဆုံးအရာကား အဘယ်နည်း။
ဖြေ။ မသေချာခြင်းဖြစ်ပါသည်။

မေး။ အလျင်မြန်ဆုံးအရာကား အဘယ်နည်း။
ဖြေ။ ရပ်တန့်ခြင်းဖြစ်ပါသည်။

(၁၉၈၁)


Commercial use of this book will be at your OWN RISK

## ဖွင့်ထားသော တံခါးများ နှင့် ပိတ်ထားသော တံခါးများ

ပန်းပွင့်ကလေးများ
ကြွေမသွားရန် မတတ်နိုင်။
နာရီလက်တံ
နောက်သို့ပြန်၍ မလှည့်နိုင်။
မြစ်တစ်ခုတွင်း
နှစ်ကြိမ်ဆင်းရန် မဖြစ်နိုင်။
နေမင်းမောင်ကို
ချည်နှောင်ကြိုးလည်း မရပ်နိုင်။
စက္ကန့်များကို
တံခါးလှောင်အိမ် မပိတ်နိုင်။
အချိန်ရထား
မီးနီတား၍ မရနိုင်။

........................................................ ......
...ကြာရှည်မရှိ
ဆင်ခြင်ကြည့်ပါ။
မျက်စိတစ်ခတ်၊ လျှပ်တစ်ပြက်
ကွေးသောလက်များ၊ ဆန့်မသွားမီ
ဆန့်ချီလက်များ၊ ကွေးမသွားမီ

........................................................ ......
...တံခါးတစ်ချပ်
ဖွင့်လှပ်နိုးနိုး
မျှော်ကိုးစောင့်မော၊ ကြီးသောဒုက္ခ
သက်ငြင်းချမိ၊ ပက်ကျိလက်တံ
နှေးကန်တွားသွား၊ စက္ကန့်များသည်
ရှည်လျားကြာမြင့် လှချေ၏။ ။

(စိတ်ရောဂါ အထူးကုဆေးရုံကြီး၊ ရွှေရတုမဂ္ဂဇင်း၊ ၁၉၇၈)

Commercial use of this book will be at your OWN RISK

## ဝမ်းနည်းကဗျာ

တပေါင်းနေကြောင့်၊ အသေဆိုးလျက်
မွေသစ်ရွက်ကို...
သင်္ဂြိုလ် မြေမြှပ်ကြတော့မည်။
ဥသြငှက်လျှင်
မျှော်စင်ထက်မှ၊ အမျှပေးဝေ
တောင်းဆုချွေဆဲ။
မြရေကန်လည်း
မှန်သားမျက်နှာ၊ ဖက်ဖြင့်ကာလျက်
မရှုရက်နိုင်။
တန်းလျား အုတ်ခုံ
စိတ်အာရုံလွင့်၊ သွားတုံပြန်ချည်
အတိတ်ဆီသို့။
ပင်ပျို တောအုပ်
အပူရုပ်များ၊ ဖားလျားပင်ယံ
ပန်း မပန်ခဲ့။
ငှက်ငယ်တသင်း
သူငယ်ချင်းသို့၊ လွမ်းတင်းဆိုဟန်
ဗျိုင်းတောင်သံများ။
သစ်အိုပင်လည်း
ရင်နှစ်သားတွက်၊ ပင့်သက်လှိုက်ဖို
ငိုချင် လက်တို့။
မင်း အချစ်ဦး
လိပ်ပြာ ရှုးပြီ
ဆောက်တည်မဲ့ရာ၊ ဆတ်ဆတ်ခါလျက်
မျက်ရည်အိုးစား ကွဲရှာပေါ့။
တပေါင်းနေကြောင့်၊ အသေဆိုးလျက်
နွေသစ်ရွက်ကို
သင်္ဂြိုလ် မြေမြှပ်ကြတော့မည်။ ။

(ရှမ၀၊ ၈၀၊ ဖေဖော်ဝါရီ)



Commercial use of this book will be at your OWN RISK

## မုတ်သုန်လေ၏ နောက်ဆုံးနေ့များ

မုန်တိုင်းလက်နက်
သူရက်စက်၍၊ ချိုးဖျက်မွေနှောက်
သိုက်ပြောက်ငှက်ညို၊ တေးမဆိုရှာ
အစာမွတ်သိပ်၊ တိတ်တိတ်ငိုညည်း။

တောင်ပံစိုရွှဲ
သစ်ခေါင်းထဲမှာ၊ လိပ်ပြာပိုးမွှား
စောင့်စားခိုလှုံ့၊ ဆတ်ဆတ်တုန်၍
လေဟုန်မစီး၊ ချမ်းပြီးကုပ်နေ။

မိုးပေါက်မိုးစက်
အကြမ်းဖက်ပြီ၊ ပင်စည်သစ်ရွက်
သူ့လက်ချက်ဖြင့်၊ ချစ်ခွင့်မကြုံ
ရင်အုံမြားစွဲ သေပွဲဝင်။

နယ်ချဲ့မြစ်ရိုး
ရေတိုးမရပ်၊ တရစပ်ကြောင့်
ပွင့်ဖတ်ရေမျော၊ မွှန်းနစ်မေလျ
ပန်းတောပျက်စီး၊ ဆိတ်သုဉ်းခြင်း။

အရှေ့မြောက်ဆီ
လေပြည်လေညင်း၊ ချဉ်းနင်းတိုးဝင်
မောင်းနှင်ဖယ်ထုတ်၊ မုတ်သုန်အားနည်း
မိုးသားပြယ်လွင့်၊ ကစင့်ကလျား
ဆုတ်ခွာသွားရင်း၊ မြေသင်းနံ့လည်း
သိမ်းဆည်းခဲ့ပုံ၊ မလုံခြုံငြား
သွားပါတော့လေ၊ မိုးတစ္ဆေ
တို့တွေမင်းကို မလိုပြီ။

ငြိမ်းချမ်းကောင်းကင်
မြေပြင်လှိုက်လှဲ၊ လက်ဆွဲနှုတ်ဆက်
တေးဆိုငှက်လည်း၊ စည်းချက်ညီညာ
သူကျေညာ၍၊ လိပ်ပြာပန်းပွင့်
ပြန်ဆုံခွင့်သာ၊ မြူနှင့်သစ်ရွက်
ပွေ့ယူဖက်ကြ၊ သက်တန့်တံတား
မြက်ကြားဆင်းလာ၊ ခွဲခွာလွမ်းတ
ထိုကာလများ၊ ကုန်လွန်သွားခဲ့
သဲ့သဲ့သတင်း၊ မြောက်လေညင်းမှာ
နှင်းရဲ့ရနံ့၊ ရောယှက်ပျံ့ပေါ့။

အို…
လာခဲ့တော့လေ



Commercial use of this book will be at your OWN RISK

# လူနာစောင့်

ဓါတ်လှေကားသည်၊ ဆင်းချည်တက်ပြန်
ခြေသံရှုပ်ရှုပ်၊ ပိုးသတ်ဆေးဖြန်း
တွန်းလှည်းထမ်းစင်၊ ထွက်ဝင်မစဲ
နီရဲသွေးစက်၊ ဆင်းသက်စီးယို
အေ–ဘီ–အို နှင့် အချိုအငန်
သံဇကာကွက်၊ အေးစက်ကျောက်ပြား
တံခါးနှစ်ချပ်၊ ဖွင့်လှစ်နေပုံ
ဇတ်လမ်းစုံသည်
ဆေးရုံစည်ကားနေလေခိုက်...။

အဆောင်ထဲမှာ၊ နီစိမ်းပြာသော
သူနာပြုများ၊ မွေးစားလူနာ
ပမာမိခင်၊ သူကြင်နာဆဲ
ခွဲခန်းထဲတွင်၊ ဆရာဝန်များ
စိတ်အားကြိုးပန်း၊ ဓားကမ်းလက်ဆင့်
သွေးနှင့်အသက်၊ လုယက်ကယ်စဉ်။

ဝေဒနာရှင်၊ ခွဲစိတ်စင်ထက်
ပက်လက်ကလေး၊ မေ့ဆေးစွမ်းအင်
ပညာရှင်များ၊ စုံလင်တန်ဆာ
ကိရိယာကြောင့်၊ နာကျင်မှုမှ
ခဏသွေခွာ၊ ဝေဒနာအား
ခွင့်တိုင်ထားလျက်၊ အိပ်မက်များပင်
စိတ်ကူးယဉ်ပြီး
မြင်၍နေလေရော့သလား။

စင်္ကြံကွေးထောင့်၊ လူနာစောင့်ကား
ဆောင့်ကြောင့်ငုတ်တုတ်၊ သွေးဆုတ်ရက်ဆက်
အိပ်ရေးပျက်၍၊ ဟောက်ပက်မျက်လုံး
ညှိုးချုံးမျက်နှာ၊ သူ့လူနာတွက်
လိပ်ပြာလွင့်ဖိတ်၊ အားငယ်စိတ်ဖြင့်
ထိတ်ခနဲရင်၊ အခန်းပြင်မှ
နာကျင်မှုများ၊ စိတ်ကိုယ်ပွားဖြင့်
အစားဝင်ခံ၊ နေရပြန်ပြီ
ကူညီအားပေး၊ စကားလေးဖြင့်
ဖေးမည့်သူ၊ တစ်ယောက်လူမှ... မရှိ။ ။

(သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် နှစ်လည်မဂ္ဂဇင်း၊ ၁၉၈၁–၈၂)



Commercial use of this book will be at your OWN RISK

# လေ့ကားသုံးထစ်

ငွေဆိုတာ
အိတ်ထဲမှာကျပ်၊ အတပ်လိုက်ပေါ့
ကြိုက်တာဝယ်စမ်း၊ လမ်းမတစ်လျှောက်
ခေါက်တုံ့ခေါက်ပြန်၊ စာအုပ်လှန်ကြည့်
ဆာဆာရှိလား၊ သွားစမ်းစားစမ်း
ဆယ့်ကိုးလမ်းမှာ၊ ဆီချက်ဆာတေး
ကြေးအိုး ဝက်သား
ဟား... သူငယ်ချင်း
မင်းတစ်ယောက်တည်းလား
စားသာစားပါ၊ အားမနာနဲ့
ဘလီ စပတ်ကလင်း၊ ခံတွင်းချဉ်သလေ
အာသာပြေအောင်၊ ဘူးလိုက်ဆောင်ထား
လက်ကြားဇယ်ဆက်၊ ညှပ် လျှက်ကြွားကြွား
ဒူးယားစီကရက်၊ လဆန်းရက်။

နာရီပြန်နှစ်ချက်
ရုံးသက်သာဆိုင်၊ ထောင့်မှာထိုင်ရင်း
ဝိုင်တွေစဉ်းစား၊ မုန့်ဟင်းခါးလက်ဖက်ရည်
ရှိငွေတစ်ကျပ်၊ မသက်သာပြီ
ချက်နို့ဆီဖြင့်၊ ချိုအီပြည့်ကယ်
ပြားရှစ်ဆယ်တဲ့
သူငယ်ချင်းတောင်၊ မမြင်ယောင်ဆောင်
ကြောင်တောင်ကန်းနေ၊ မီးခိုးဝေဝါး
လက်ကြားပွယောင်း
ခပေါင်းစီးကရက်၊ လလယ်ရက်။

လက်ဖက်ရည်သမား
အမှားကြီးမှားပေါ့၊ ပြားရှစ်ဆယ်တောင်
ယောင်လို့မရှိ၊ အသိမိတ်ဆွေ
တန်ဖိုးတွေတက်၊ သက်သာဆိုင်မှာ
လူတကာကို၊ မျက်နှာချိုသွေး
ဘေးကကပ်ထိုင်၊ မလိုင်အပြုံး
သိက္ခာဆုံးပြီ၊ လက်ဖက်ရည်တစ်ခွက်
အိပ်မက်မက်နေ၊ သက်ပြင်းမီးခိုး
တိုးတိုးတိတ်တိတ်၊ ဆေးပေါ့လိပ်တို
အစီခံစိုလျှက်၊ လကုန်ရက်။ ။

(ရုပ်ရှင်အောင်လံ၊ ဒီဇင်ဘာ၊ ၁၉၈၃)



Commercial use of this book will be at your OWN RISK

## ငါး၏ကြိမ်စာ

ဒိုက်ပုံမော်ကြား၊ တိုးဇော့သွားရင်း
ရှေ့နားဆီတွင်၊ အာရုံမြင်၍
ဆင်ခြင်မဲ့ကင်း၊ ရဲတင်းတိုးကပ်
အစားမှတ်၍၊ ငတ်ကြီးကျစွာ
အာသာငမ်းငမ်း၊ မစူးစမ်းဘဲ
ဖမ်း၍ဟပ်ခိုက်
အလိုက်လွဲမှား၊ လူလှည့်စားပြီ
ငါးမျှားချိတ်ကောက်၊ ခံတွင်ဖောက်စူး
လူးလူးလွန့်လွန့်၊ ထွန့်ထွန့်ဆတ်ဆတ်
တဖျပ်ဖျပ်ဖြင့်၊ ငါးဇာတ်သိမ်းခန်း
ပရမ်းပတာ
အလိမ်းမပါခဲ့။

ကိုတံငါလည်း
ဝမ်းစာအတွက်၊ ရေတစ်ပွက်ကို
အလျင်မပြတ်၊ ထရစပ်ပင်
မရပ်မနား၊ ကြိုးစားရှာဖွေ
ညနေစောင်းမှ၊ လက်ပန်းကျပြီ
ဆန္ဒမီးပြင်း၊ ဆာလောင်ခြင်းကို
ထမင်းတစ်လုတ်၊ ဟင်းတစ်မြှုပ်ဖြင့်
သုတ်သုတ်မြိုချ၊ ငြိမ်းသတ်ရာတွင်
လျှာသတိလစ်၊ မဝါးဖြစ်ပဲ
တစ်လစ်ပျို့အန်၊ ကန့်လန့်ခံလျက်
သွေးသံရဲရဲ၊ လည်ချောင်းထဲတွင်
အခဲမကျေ၊ လက်စားချေပြီ
ဝေဒနာဆိုး၊ စူးနစ်တိုး၍
ငါးရိုးတစ်ချောင်း
ဇာတ်လမ်းဟောင်းကို
နှောက်ကြောင်းပြန်။ ။

(ပေဖူးလွှာ၊ စက်တာဘာလ၊ ၁၉၈၄)

Commercial use of this book will be at your OWN RISK

## မျက်လုံးအစားထိုးကုသခြင်း

ဝါစိမ်းပြာနီ၊ မျဉ်းညီမျဉ်းကွေး
လေးထောင့်ဝိုင်းစက်၊ ဆန့်ကျင်ဘက်တို့
ပေါင်းလျက်စည်းကာ၊ ဖြစ်ပေါ်လာသည့်
သဘာဝတွ၊ ထိုအလှကို
ဒိဋ္ဌပကတိ၊ မြင်ခွင့်ရှိလည်း
မသိမမြင်၊ ကန်းလျက်ပင်တည့်။

ကောင်းကင်ပြင်အောက်၊ မျက်မှောက်ဘဝ
လောကအသိ၊ ကောင်း၏ဆိုးမှား
ခွဲခြားသန့်ရှင်း၊ သတင်းဖလှယ်
ဆက်သွယ်ကြားခံ၊ အသံမဲ့သည့်
ကိရိယာတစ်ခု၊ ကိုယ်စားပြုသည့်
လူသင်္ကေတ၊ ထိုအလှကို
ဒိဋ္ဌပကတိ၊ မြင်ခွင့်ရှိလည်း
မသိမမြင်၊ ကန်းလျက်ပင်တည့်။

မရှိတာထက်၊ မသိခက်၏
ရှိလျက်မမြင်၊ မြင်လျက်မသိ
ထိုသည့်အရှုံး၊ ဘဝဆုံးကို
မျက်လုံးအစားထိုးကုချင်သည်။ ။

(ကျောင်းကုန်းမဂ္ဂဇင်း၊ ၈၃၊ ဧပြီ)

Commercial use of this book will be at your OWN RISK

## မဟာဗျူဟာမြောက် နလုံးသား

အရောင်ဖိတ်ဖိတ်တောက်လက်
မင်းမျက်လုံးတွေကို
ရတနာကုန်သည်များ
ငမ်းငမ်းတက်
တပ်မက်လိုချင်နေကြတယ်။

ရွှန်းရွှန်းစိုတဲ့
မင်းနှုတ်ခမ်းကလေးဟာ
အစွမ်းအထက်ဆုံး
အမောပြေဆေးတစ်ဖုံအတွက်
အကောင်းဆုံးကုန်ကြမ်း ဖြစ်နိုင်သတဲ့။

မင်းဦးနှောက်ဟာ
သင်္ချာတွက်ချက်ရာမှာ
တစ်ဖက်ကမ်းခပ်သမို့
ကာစီယို ကွန်ပျူတာစက်ရုံက
ကမ်းလှမ်းနေတာ
ဂုဏ်ယူစရာပေါ့ကွယ်။

မင်းရဲ့မျက်ရည်တွေကို
ရေနံအစားထိုးလောင်စာအဖြစ်
အားကိုးနိုင်ဖွယ်ရာရှိတယ်လို့
စွမ်းအင်ပညာရှင်များ
ခန့်မှန်းထားကြတယ်ဆို။

မင်းကိုယ်ကထွက်တဲ့ ချွေးကိုတောင်
ရေမွှေးအဆီထုတ်ဖို့
အိုဒီကလုံး ကုမ္ပဏီက
သုတေသနပြုနေတာ
အငြင်းပွား ကန့်ကွက်စရာ
အကြောင်းမရှိပါ။

သို့ပေမယ့်လို့
ထူးထွေဆန်းပြား
မင်းနှလုံးသားကို
အိတ်ဖိုးဆေး ဒုံးပျံအဖြစ်
ပြောင်းလဲမပစ်ဖို့သာ
မေတ္တာရပ်ခံချင်တာပါပဲ။ ။

(ချယ်ရီ၊ ဩဂုတ်၊ ၁၉၈၄)


Commercial use of this book will be at your OWN RISK

# သံယောဇဉ်ဒဏ်ခံကြိုး

ဦးနှောက် ထရန်စဖော်မာ က
ငါးရာနှစ်ဆယ့်ရှစ်မှသည်
ထောင့်ငါးရာ လီလိုဝပ်
လျှပ်တာပြောင်းလွှတ်
အောက်ပွတ် သွေးကြော
စီးမျောလျှပ်စစ်
အချစ်တို့ပျော်စံရာ
ထိန်ထိန်သာလျက်
မေတ္တာဓာတ်များ
ဗို့အားအပြည့်။

ပဋိပက္ခ
ဆန့်ကျင်ကြတဲ့
သံသယနဲ့သစ္စာ
ဝိုင်ယာကြိုး နှစ်ပင်လိမ်
တစ်ချိန်ချိန် တစ်နေ့နေ့
ထိပ်တိုက်တွေ့ကြရင်
သံယောဇဉ်ဒဏ်ခံကြိုး
အပူရှိန်တိုးဆဲ
တည်းတည်းလှုပ်လှုပ်မှာ
မေတ္တာ မိန်းခလုတ်
ရုတ်တရက်အက်ကွဲ
ဖြတ်ခနဲလက်သွား
နှလုံးသား ဖြစ် ပြတ်လေသည့်အခိုက်...။
အမိုက်တိုက်အ ကာလ
အမုန်းကြီးစိုးတဲ့ညမှာ
အချစ်ဟာ စုံလုံးကန်း
လမ်းမှားယိမ်းယိုင်
ဖယောင်းတိုင်တိုကလေးများ
တွေ့လိုတွေ့ငြား
စမ်းတဝါးဝါး... နဲ့။

(ချယ်ရီ၊ နိုဝင်ဘာ၊ ၁၉၈၅)


Commercial use of this book will be at your OWN RISK

# အယ်ဒီတာထံပေးစာ

အင်္ကျီလေးတစ်ထည်
ကျွန်တော်ဝယ်လိုက်တယ်။

ပုံမကျပန်းမကျ
ပွတတ ရှည်တေတေ
ချုပ်ရိုးတွေပြန်သီ
ကိုယ်အတိုင်းနဲ့ညီအောင်
အင်္ကျီလက်ခေါက်ဝတ်ပါတယ်။

ကျွန်တော်ခဏ
ဝ ခဲ့စဉ်မှာ
ခန္ဓာကျပ်ထုပ်
ချုပ်ရိုးတွေပြန်ဖြေ
ကိုယ်ထည်ကို ပြန်ပွ
ဝတ်ခဲ့ရပါသည်။

ဆံပင်ရှည်မှ
ကြည့်လို့လှတယ်
ငယ်ငယ်ကကျွန်တော်
လည်ကုပ်ပေါ်ဝဲကျ
တသသ ထားခဲ့ဖူးပါတယ်။

အင်တာဗျူးတုန်းက
ကော်လာဖုံး နားရွက်အုပ်
မျက်စိမရှုတ်ရအောင်
အုန်းမှုတ်ပုံ ညှပ်ခဲ့ဖူးပါတယ်။

ဆရာရယ်...
ကဗျာလေးတစ်ပုဒ်ပါ။

စေတနာပိုသွားလို့
ခပ်များများ ရေးမိပါတယ်။

ဆရာရယ်...
ကဗျာလေးတစ်ပုဒ်ပါ။

လိုရာကို ကွက်တိ
တိုစိစိရေးမိတယ်။

ဖြုတ်ဖြည့် ဖြတ်ဆက်
လုပ်ရက်တယ်။

(ချယ်ရီ၊ ဖေဖော်ဝါရီ၊ ၁၉၈၅)



Commercial use of this book will be at your OWN RISK

## ဆိုက္ကားစီးသူများ

မျဉ်းပြိုင်နှစ်ကြောင်းဟာ
ဘယ်တော့မှ မဆုံနိုင်သလို
ဘယ်တော့မှလဲ
မူလထက် ပိုဝေးကွာမသွားနိုင်ဘူး။

သံလိုက်တစ်ခုရဲ့
တောင်နဲ့မြောက် ဝင်ရိုးစွန်းတို့ဟာ
မြင်းခွာပုံသံလိုက်မှာတော့
အရပ်မျက်နှာ တစ်ဖက်တည်းကို
ဦးလှည့်နေကြတာပါပဲ။

ဒင်္ဂါးတစ်ပြားရဲ့
ခေါင်းနဲ့ပန်းဟာ
တစ်ဖက်နဲ့တစ်ဖက် မမြင်ရပေမယ့်
ခွဲထွက်ဖို့တော့ မဖြစ်နိုင်ဘူး။

လူတစ်ယောက်ရဲ့
ခြေထောက်နှစ်ချောင်းဟာ
ဖိနပ်ချင်းလဲစီးလို့ မရပေမယ့်
တစ်ဖက်တည်းဆို
ဘယ်လို လမ်းလျှောက်ပါ့မလဲ။

မင်းနဲ့ကိုယ်ဟာ
အစဉ် ကျောခိုင်းနေကြပေမယ့်
တစ်ခရီးတည်း သွားနေကြသူတွေပါ
မဟုတ်လား။ ။

(ရုပ်ရှင်အမြုတေ၊ ဒီဇင်ဘာ၊ ၁၉၈၇)

Commercial use of this book will be at your OWN RISK

---- သောအခါ

လရောင်မှာပွင့်တဲ့ ကုမုဒြာ
လပြည့်ညမှာ
မပွင့်အာဘဲ
စူငုံနေတဲ့ နှုတ်ခမ်းလွှာ
ဘာကို စိတ်ကောက်နေတာလဲကွယ်။

နေရှိရာဘက်
မျက်နှာမူတတ်တဲ့ နေကြာ
နံနက်ခင်း ရောင်ခြည်အောက်မှာ
အနောက်ဘက်
ခေါင်းလှည့်နေတဲ့အခါ
ဘာကိုရှက်နေတာလဲကွယ်။

ရေပြင်ကျယ်မှာ
သင်းဖွဲ့တဲ့ဗေဒါ
နေရာလွဲမှား
ပတ်ကြားအက်ထဲ
အဖော်ကွဲတဲ့အခါ
ဘာကိုလွမ်းနေတာလဲကွယ်။

တံလှပ်တွေကြား
ပျော်ပါးတဲ့တမာ
အညာမှမနေ
ပင်လယ်ရေစပ်
လှိုင်းပုတ်ခတ်ခံရတဲ့အခါ
ဘာကိုဝမ်းနည်းနေတာလဲကွယ်။

နှလုံးသားပေါ်ကျက်စား
သစ္စာတရားအတွက်
ဘက်လိုက်တတ်တဲ့ကဗျာ
သံယောဇဉ်ကို စုံကန်လျက်
ဆန့်ကျင်ရာဘက်ကို
ပြေးထွက်တဲ့ ဥပေက္ခာ
ဘာကိုခံစားရမှာလဲကွယ်။

( ရုပ်ရှင်အမြုတေ၊ ဧပြီ၊ ၁၉၇၈ )



Commercial use of this book will be at your OWN RISK

## ခြေဖဝါးခံစားမှု

မိုးရွာထဲမှာ
ထီးမပါ ဦးထုပ်ဗလာ
ကြွက်စုတ်တစ်ကောင်လို စိုစိုရွှဲ
ဘယ်သူ့မှလည်း မကဲ့ရဲ့ပါ
ဒါပေမယ့်....
ရွှံ့ကာ ဗွက်ကာ
ရော်ဘာဖိနပ်တစ်ရံ မပါရင်
သင်ရှက်စရာ။

ငွေနှင်းမှုန်မှုန်
မီးရောင်အောက်မှာ
ဆည်းဆာသဘင်
မင်္ဂလာဆောင် မွေးနေ့ပွဲ
ဆင်နွှဲနေရာ
လူရှိသေရုံ
အချမ်းလုံဖို့
တိုက်ပုံတစ်ထည်ထက်
ကတ္တီပါဖိနပ်တစ်ရံက
အမှန်ပိုပြီး လိုအပ်တယ်။

သစ်ရွက်ကော့ပျံ
နေပူဒဏ်ကြောင့်
တံလှပ်အရည်ပျော်
ကတ္တရာလမ်းပေါ် လျှောက်တဲ့အခါ
ရေဘူးနဲ့ ဒါန
သီလ မပါချင်နေ
သားရေဖိနပ်တစ်ရံတော့ ရှိမှဖြစ်မယ်။



Commercial use of this book will be at your OWN RISK

ဆင်ကြယ်၊ ကျွဲရိုင်း၊ ဘိုဖို၊ စာတန်း
တာယာဆိုး၊ ရော်ဘာဆိုး
ယိုးဒယားဖော့၊ ရွာလွတ်ဖော့
တစ်ကျော့ပြန်၊ ဂေါက်ဂက်
သားရေကျက် သားရေစိမ်း
လှည်းဘီး စောင်းကောက်
ဆင်ခြောက်ကောင် မြမာလာ
ကတ္တီပါနှင့်အခြားခြေနင်းများ
သားနားလှပေမယ့်....
သားရေဈေးကြီးလို့လား
ရော်ဘာဈေးတက်လို့လား
ဒေါ်လာဈေးတက်လို့လား
ခြေဖဝါးငိုချင်းသံ
တောင်းပန်ရင်းနှစ်သိမ့်။
ခေါင်ပြတ်သွားတဲ့ ဖိနပ်တစ်ဖက်
သားဆိုးသမီးဆိုးလို မပစ်ရက်လို့
ချုပ်ရိုးချက်တွေများ
သဲကြိုးအစားထိုး ကုသခြင်းပေါ့။

မစားဘဲနေလို့ရချင်ရမယ်
မသွားဘဲနေလို့ မရပါ
ဒါ.. မြို့ပြ ခံစားမှုပဲလို့
ဆိုချင်လည်း ဆိုတော့ဗျာ။........။

( စာပေလုပ်သား၊ ဩဂုတ်၊ ၁၉၈၇ )


Commercial use of this book will be at your OWN RISK

## ရေခဲချောင်းသည်ကလေး

ထမင်းတစ်လုတ်
စာတစ်အုပ်
ကျွန်ုပ် ဘာကိုရွေးရမယ်။........။

(၁၉၈၈)

## အိပ်မက်

အိပ်မက်ကောင်းစဉ်
လန့်နိုးလျှင်မူ
စိတ်တွင်ညစ်ညူးရလေသည်။

အိပ်မက်ဆိုးပင်
မက်လိုက်ချင်သည်
နိုးလျှင်ဝမ်းသာရမည်တည်း။

(၁၉၈၈)

MYANMAR CUPID
Myanmar e-Books Library
Commercial use of this book will be at your OWN RISK

## မေ့ကိုမေ့ခြင်းအကြောင်း

စားကောင်းသောက်ဖွယ်များ
စားရသောအခါဝယ်
ချစ်သူကို သတိရ
တမ်းတတတ်တယ်။

ခုများတော့ကွယ်
မုန်းလို့ရယ်ဟုတ်ဘူး။
စားကောင်းသောက်ဖွယ်ဆိုတာ
ဘယ်လိုဟာ မသိဖူးတာကြောင့်
မင်းကိုငါ မေ့နေရပါကြောင်း
တောင်းပန်စိတ်ကူး။

(၁၉၈၈)

Commercial use of this book will be at your OWN RISK

## အိပ်မက်တိတ္ထုံ

ဗေဒင်ဆရာတစ်ယောက်ကို
လိမ်လည်မှုနဲ့ တရားစွဲလို့ ရပါ့မလား။
ထီလက်မှတ်တစ်စောင်ဟာ
မပေါက်ရင် ပြန်လျော်ပါ့မယ်လို့
အာမခံချက်ရှိလို့လား။

စိတ်ကူးတွေကို
ဆင်ဆာဖြတ်ရင်
သင့်တော်ပါ့မလား။

မျှော်လင့်ချက်တွေကို
ယုတ္တိမရှိဘူးလို့ ဝေဖန်ရင်
တရားမျှတပါ့မလား။

ကျွန်တော့်နှလုံးသားဟာ
ဗေဒင်ဟောစာတမ်းလဲ မဟုတ်
ထီပေါက်စဉ်လဲ မဟုတ်
ကြော်ငြာသင်ပုန်းလဲ မဟုတ်
အိပ်မက်ပေါင်းချုပ်
စာတစ်အုပ်သာ
ဖြစ်ပါတယ်။

( ပန်းဝေသီ၊ ဩဂုတ်၊ ၁၉၉၄ )

Commercial use of this book will be at your OWN RISK

## သမန်းလူ

သစ်ရွက်ကလေးတစ်ရွက် ကြွေကျတာ
ဝမ်းနည်းစရာမဟုတ်
ကျုပ်နဲ့ ဘာဆိုင်လို့လဲ။

ပန်းလေးတစ်ပွင့်
လက်ဆိပ်သင့်တာ
ဂရုစိုက်စရာမဟုတ်
ကျုပ် အနေသာကြီးပဲ။

လိပ်ပြာလေးတစ်ကောင်
နှောင်ကြိုးမှာငြိတာ
ကူညီစရာမဟုတ်
ကျုပ်ဆွေမျိုးမှ မဟုတ်ဘဲ။

ငှက်ကလေးတစ်ကောင်
အတောင်ပံကျိုးတာ
သနားစရာမဟုတ်
ကျုပ်မှ မပျံနိုင်ဘဲ။

အဲ...
မြေခွေးတစ်ကောင်
ထောင်ချောက်မိပြီး
အမြီးပြတ်တာ
ကိုယ်ချင်းစာဖို့ ဟုတ်၊ မဟုတ်
ကျုပ်ဆုံးဖြတ်ရ ခက်နေဆဲ။

( ရွှေကျွန်းသာ၊ ဒီဇင်ဘာ၊ ၁၉၉၄ )

Commercial use of this book will be at your OWN RISK

# ရပ် ကြည့် သွား

ဟိုဘက် ဒီဘက်
လက်မပြ နှုတ်မဆက်ဘဲ
ဝိုးကနဲ ကျော်တတ်သွားကြ
နောက်နား အပြတ်အသတ်
လမ်းခုလတ်မှာ
ကျန်ရစ်ခဲ့ပါရောလား။

ဖြည်းဖြည်းမှန်မှန်
နှေးနှေး မြန်မြန်
အချိန်တန်တော့
အိမ်ပြန်ရစမြဲ။

ခရီးမှတ်တိုင်
တစ်တိုင်ပြီးတစ်တိုင်
ပြိုင်ဆိုင်လှုပ်ရှား
သွားရင်း သွားရင်း
ရှေ့နားကာဆီး
မီးပွိုင့်မှာ မှိုချင်မှိုမယ်။

လမ်းဆုံလမ်းခွဲ
လမ်းလွှဲလမ်းမှား
ကမ်းပါးကို ကျော်ချင်ကျော်
ချော်ချင်ချော် မှောက်ချင်မှောက်
ချောက်ထဲလဲ ကျနိုင်တယ်။

တစ်ချိုးတစ်ကွေ့
အန္တရာယ်တွေ့လို့
ဇွေ့ကနဲအမြန်
နောက်ကြောင်းပြန်လှည့်တဲ့အခါ
ရှေ့ဆုံးမှတဖန်
ရောက်ရပြန်ဦးမှာပဲ။


Commercial use of this book will be at your OWN RISK

## တိုက်ဆိုင်မှုမရှိလျှင်

ကဗျာဆိုတာ
တစ်ခါတစ်ခါ ပန်းတစ်ပွင့်
ပွင့်ချိန်တန်မှ ပွင့်လိမ့်မယ်။

ကဗျာဆိုတာ
တစ်ခါတစ်ခါ သစ်သီးတစ်လုံး
ကြွေချိန်တန်ရင် ကြွေမှာပဲ။

ကဗျာဆိုတာ
တစ်ခါတစ်ခါ ချိန်ကိုက်ဗုံးတစ်လုံး
အချိန်စေ့ရင် ကွဲတတ်တယ်။

ကဗျာဆိုတာ
တစ်ခါတစ်ခါ ကြေးနန်းတစ်စောင်
ကျွန်တော့်နှလုံးသား သင်္ကေတတွေ
ခင်ဗျားထံ
အမြန်ပို့လိုက်တယ်။

မခံစားတတ်ရင်
ကျွန်တော့်ရင်ခုန်သံတွေ
ပြန်ပို့ပေးလိုက်ပါ။......။



Commercial use of this book will be at your OWN RISK






Commercial use of ... RISK